# Information Sheet



**Volume III, Issue 53** 31 July 2023


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ အရ နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေကြေညာထားသည့်ကာလအား နောက်ထပ် (၆) လ သက်တမ်းတိုးမြှင့် | ၁ |
| ၂ | မာရဝိဇယ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော် အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်မင်္ဂလာ မော်ကွန်း ကမ္ပည်းဖွင့်လှစ်ခြင်း၊ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဥဏ္ဏာလုံမွေးရှင်တော် စီသွင်းပူဇော်ခြင်းနှင့် ကျောက်စာရုံစေတီတော်တွင် မော်ကွန်းကျောက်စာတော် တည်ထားပူဇော်ခြင်း မင်္ဂလာ အခမ်းအနားကျင်းပ | ၉ |
| ၃ | မာရဝိဇယရုပ်ပွားတော်မြတ်ကြီး၏ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော် မာရဝိဇယကျောင်းတော် ကျောင်းလွှတ်ပူဇော မင်္ဂလာအခမ်းအနားကျင်းပ | ၁၂ |
| ၄ | ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ် လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းပြသ | ၁၄ |
| ၅ | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၃ ခုနှစ်၊ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကျင်းပ | ၁၉ |
| ၆ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီးပွားရေးရာကော်မတီ အစည်း အဝေးအမှတ်စဉ် (၆/၂၀၂၃) သို့ တက်ရောက်အမှာစကားပြောကြား | ၂၁ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာအထူးကိုယ်စားလှယ် Mr. Deng Xijun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ | ၂၃ |
| ၈ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၃ ခုနှစ်၊ ဒုတိယအကြိမ် နိုင်ငံအဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက် | ၂၄ |
| ၉ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄/၂၀၂၃) သို့ တက်ရောက် အမှာစကားပြောကြား | ၂၈ |
| ၁၀ | မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်လှူခြင်း အခမ်းအနားသို့ ပြည်ပမှကြွရောက်လာကြသည့် ဆရာတော်ကြီးများနှင့် လူပုဂ္ဂိုလ်များ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိ | ၃၀ |
| ၁၁ | ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း တရုတ်နိုင်ငံ ယူနန်ပြည်နယ် တဲဟုန်ပြည်နယ်ခွဲ ပြည်သူ့အစိုးရအုပ်ချုပ်ရေးမှူးနှင့် စီချွမ်ပြည်နယ် ချန်ဒူးဒေသမှ စီးပွားရေးလုပ်ငန်းအဖွဲ့ အား လက်ခံတွေ့ဆုံ | ၃၁ |
| ၁၂ | အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် တရုတ်နိုင်ငံ အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ တိန့်ရှီးကျွင်းဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ | ၃၃ |
| ၁၃ | ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် Mr.Deng Xijun အား လက်ခံတွေ့ဆုံ | ၃၄ |
| ၁၄ | အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာကော်မတီဝန်ကြီးအဆင့် ပဉ္စမအကြိမ်အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် တက်ရောက်ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ | ၃၅ |
| ၁၅ | ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ၂၀၂၃ ခုနှစ် အာဆီယံအဆင့်မြင့်ပညာရေး ညီလာခံ Webinar တွင် မိန့်ခွန်းပြောကြား | ၃၆ |
| ၁၆ | ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ အရှေ့တောင်အာရှ ရှေးဦးအရွယ် ကလေးသူငယ် ပြုစုစောင့်ရှောက်မှုနှင့် ပညာရေးပြုပြင်ပြောင်းလဲရေးမူဝါဒဆိုင်ရာ အာဆီယံပညာရေး ဝန်ကြီးများ စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက် | ၃၇ |
| ၁၇ | ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် နယူးဒေလီမြို့ရှိ UIDAI ရုံးချုပ်သို့သွားရောက်၍ Aadhaar စနစ်၏ လုပ်ငန်းဆောင်ရွက်မှုများအား ညှိနှိုင်းဆွေးနွေး | ၃၈ |
| ၁၈ | ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ကုလသမဂ္ဂလူသားချင်း စာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး(UNOCHA)၏ ယာယီအကြီးအကဲ ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ | ၃၉ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၉ | ပြည်ထောင်စုဝန်ကြီး ဦးအောင်သော် ဆိုက်ဘေးရီးယန်း နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအသင်းဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ | ၄၀ |
| ၂၀ | PDF အကြမ်းဖက်သမားများက စိုက်ပျိုးရေးသိပ္ပံကျောင်း(ထားဝယ်)မှ ကျောင်းအုပ်ဆရာမကြီးအပါအဝင် ဆရာ၊ ဆရာမများအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးဖြစ်သူအား ပစ်ခတ်သတ်ဖြတ် | ၄၁ |
| ၂၁ | စိုက်ပျိုးရေးသိပ္ပံကျောင်း(ထားဝယ်)မှ ကျောင်းအုပ်ဆရာမကြီးအပါအဝင် ၇ ဦးအား PDF အကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်သွားမှုနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးအား ပစ်ခတ်သတ်ဖြတ်ခဲ့မှုနှင့်ပတ်သက်၍ အဖွဲ့အစည်းအသီးသီးမှ သဘောထားထုတ်ပြန်ချက်များ ထုတ်ပြန် | ၄၂ |

# Information Sheet

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ အရ နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေကြေညာထားသည့်ကာလအား နောက်ထပ် (၆) လ သက်တမ်းတိုးမြှင့်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၂/၂၀၂၃)၌ ယာယီသမ္မတအပါအဝင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်အားလုံးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး အဖက်ဖက်က ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြမ်းဖက်အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်၏ အာဏာကို အကြမ်းဖက်မှုနည်းလမ်းများဖြင့်ရယူရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည့် အခြေအနေရှိနေဆဲ ဖြစ်သောကြောင့် အရေးပေါ်ကာလကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ အရ ၂၀၂၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှစ၍ နောက်ထပ် (၆) လ သက်တမ်းတိုးမြှင့်လိုက်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့ပါသည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**

ကြေညာချက်အမှတ် ၂/၂၀၂၃

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၄ ရက်

(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၂/၂၀၂၃)ကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့ (၀၉၃၀) နာရီတွင် ကျင်းပခဲ့သည်။ အစည်းအဝေးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ထပ်မံသက်တမ်းတိုးထားသည့် ၆ လတာကာလအတွင်း နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရန်၊ နိုင်ငံရေးလုပ်ငန်းစဉ် (၂) ရပ်နှင့် အမျိုးသားရေးလုပ်ငန်းစဉ် (၂) ရပ်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပိုမိုလျင်မြန်စွာဆောင်ရွက်နိုင်ရန် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်တွင် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၁၂)ရပ်ကို ပြင်ဆင်ခြင်း၊ ထပ်မံဖြည့်စွက်ခြင်းတို့ကို ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များကို အလေးအနက်ထား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့မှုကြောင့် နိုင်ငံရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့၌ တိုးတက်မှုများရရှိခဲ့သည့်အခြေအနေများ၊ အကြမ်းဖက်အဖွဲ့များဖြစ်သည့် NUG၊ CRPH၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်တိုက်ခိုက်မှုများ၊ ပညာရေးကဏ္ဍ မြင့်မားတိုးတက်စေရေး ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိမှုနှင့် အကြမ်းဖက်သမားများ၏ ပညာရေးကဏ္ဍနိမ့်ကျစေရေး အကြမ်းဖက်မှုများကို လုပ်ဆောင်လျက်ရှိသည့်အခြေအနေများ၊ ပြည်သူလူထု၏ပူးပေါင်းပါဝင်သတင်းပို့မှုများကြောင့် ဖမ်းဆီးရရှိမှုအခြေအနေများ၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် MSME လုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးစေရေး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများ၊ ဘဏ္ဍာရေးနှစ်အလိုက် GDP တိုးတက်လာမှုနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် GDP ဆက်လက်တိုးတက်စေရေး မျှော်မှန်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြဋ္ဌာန်းဆောင်ရွက်ခဲ့မှုနှင့် လုံခြုံရေးအရ ဆက်လက်ဆောင်ရွက်ပေးရန် လိုအပ်မည့်အခြေအနေများ၊ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ NCAလက်မှတ်ရေးထိုးထားခြင်းမရှိသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်ခဲ့သည့်အခြေအနေများ၊ ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် မဲမသမာမှုဖြစ်စဉ်များ ပေါ်ပေါက်ခဲ့သည့် အခြေအနေများ၊ မဲစာရင်းမှန်ကန်တိကျမှုရှိစေရေးအတွက် အဓိကကျသည့် သန်းခေါင်စာရင်းကောက်ယူရေးဆောင်ရွက်လျက်ရှိသည့်အခြေအနေများနှင့် အကြမ်းဖက်သမားများ၏ နှောင့်ယှက်တိုက်ခိုက်မှုကြောင့် နှောင့်နှေးမှုများ ဖြစ်ပေါ်နေရသည့်အခြေအနေများ၊ မိုခါမုန်တိုင်းဝင်ရောက်တိုက်ခတ်ခြင်းမပြုမီတွင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့မှု၊ မုန်တိုင်းတိုက်ခတ်ပြီးချိန်တွင် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ ရွေးကောက်ပွဲဆိုင်ရာအခင်းအကျင်းများ၊ ရွေးကောက်ပွဲကျင်းပရေးနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်သည့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို တင်ပြခဲ့သည်။

၂။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တင်ပြချက်အပေါ် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအဖွဲ့ဝင်များက ဝိုင်းဝန်းသုံးသပ်ဆွေးနွေးခဲ့ကြပါသည်။ ယာယီသမ္မတအပါအဝင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်အားလုံးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး အဖက်ဖက်က ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိသော်လည်း နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းစေလိုသည့် CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံ PDF တို့က အပြစ်မဲ့ပြည်သူများကိုသတ်ဖြတ်ခြင်း၊ အများပြည်သူဆိုင်ရာနေရာများကို အကြမ်းဖက်ဖုံးခွဲတိုက်ခိုက်ခြင်း၊ နိုင်ငံ၏ပညာ





ရေးနိမ့်ပါးကျဆင်းစေရန် ဘက်ပေါင်းစုံမှလုပ်ဆောင်ခြင်း၊ အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် လမ်း၊ တံတား၊ မီးရထားလမ်းများကို ဖောက်ခွဲဖျက်ဆီးတိုက်ခိုက်ခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်းဆွေးနွေးခဲ့ကြသည်။ အကြမ်းဖက်အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို ပျက်ပြားစေရုံသာမကဘဲ ပြည်သူလူထုကို အကြောက်တရားဖြင့်လွှမ်းမိုးကာ နိုင်ငံတော်၏အာဏာကို အကြမ်းဖက်မှုနည်းလမ်းများဖြင့်ရယူရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည့် အခြေအနေရှိနေဆဲ ဖြစ်ကြောင်းဆွေးနွေးခဲ့ကြသည်။ ၎င်းအပြင် ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရေးအတွက် နိုင်ငံရေးပါတီများ၏ ပြင်ဆင်ချိန်၊ စည်းရုံးချိန်များတွင် လုံခြုံရေးအရခြိမ်းခြောက်မှုများ တွေ့ကြုံနေရခြင်း၊ မဲစာရင်းများမှန်ကန်တိကျမှုရှိစေရေးအတွက် သန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်းများ ဆောင်ရွက်ဆဲဖြစ်ခြင်း၊ ရွေးကောက်ပွဲကျင်းပပြုလုပ်ရာတွင် လွတ်လပ်၍တရားမျှတပြီး အကြောက်တရားကင်းစွာဖြင့် မဲပေးနိုင်ရေးအတွက် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်ဆဲဖြစ်ခြင်းတို့ကြောင့် အရေးပေါ်ကာလကို သက်တမ်းတိုးမြှင့်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်များအရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လုပ်ငန်းတာဝန်များပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၂၅ အရလည်းကောင်း၊ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံး၏ သဘောထားထုတ်ပြန်ချက်အရလည်းကောင်း နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေကြေညာထားသည့်ကာလအား ၂၀၂၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှစ၍ နောက်ထပ် (၆) လ သက်တမ်းတိုးမြှင့်လိုက်သည်။

၃။ အစည်းအဝေးသို့ ယာယီသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ အထူးဖိတ်ကြားထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ တက်ရောက်ခဲ့ကြကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**ပုံ**
**မြင့်ဆွေ**
**ယာယီသမ္မတ**

**(မြဝတီရုပ်မြင်သံကြားသတင်း ၃၁-၇-၂၀၂၃)**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၂/၂၀၂၃)တွင် ရှင်းလင်းတင်ပြနေမှု

- တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က CRPH ၊ NUG နှင့် PDF တို့အနေဖြင့် လက်ရှိအကြမ်းဖက်လုပ်ရပ်များ ဆက်လက်လုပ်ဆောင်လျက်ရှိပြီး နိုင်ငံတော်အာဏာကို ဆူပူသောင်းကျန်းမှုနှင့် အကြမ်းဖက်မှုနည်းလမ်းများဖြင့်ရယူရန် ကြိုးပမ်းလျက်ရှိသည့်အခြေအနေများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ လုံခြုံရေးအခြေအနေများကို တင်ပြခဲ့။
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး အဖက်ဖက်က ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြမ်းဖက်အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို ပျက်ပြားစေရုံသာမကဘဲ ပြည်သူလူထုကို အကြောက်တရားဖြင့် လွှမ်းမိုးကာ နိုင်ငံတော်၏အာဏာကို အကြမ်းဖက်မှုနည်းလမ်းများဖြင့်ရယူရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည့် အခြေအနေရှိနေဆဲဖြစ်။
- ရွေးကောက်ပွဲကျင်းပပြုလုပ်ရာတွင် လွတ်လပ်၍တရားမျှတပြီး အကြောက်တရားကင်းစွာဖြင့် မဲပေးနိုင်ရေးအတွက် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်ဆဲဖြစ်ခြင်းတို့ကြောင့် အရေးပေါ်ကာလကို သက်တမ်းတိုးမြှင့်ပေးရန် လိုအပ်မည်ဖြစ်။
- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ အရ နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလအား ၂၀၂၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှစ၍ နောက်ထပ် (၆) လ သက်တမ်းတိုးမြှင့်ခဲ့။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၂/၂၀၂၃) ကျင်းပခဲ့သည့် မှတ်တမ်းဓာတ်ပုံများ**





- အစည်းအဝေးသို့ ယာယီသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ အထူးဖိတ်ကြားထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ တက်ရောက်ခဲ့။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၂/၂၀၂၃) ကျင်းပခဲ့သည့် မှတ်တမ်းဓာတ်ပုံများ**






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၂/၂၀၂၃) ကျင်းပခဲ့သည့် မှတ်တမ်းဓာတ်ပုံများ






## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၂/၂၀၂၃) ကျင်းပခဲ့သည့် မှတ်တမ်းဓာတ်ပုံများ







# မာရဝိဇယ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော် အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်မင်္ဂလာ မော်ကွန်းကမ္ပည်း ဖွင့်လှစ်ခြင်း၊ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဥဏ္ဏာလုံမွေးရှင်တော် စီသွင်းပူဇော်ခြင်းနှင့် ကျောက်စာရုံစေတီတော်တွင် မော်ကွန်းကျောက်စာတော် တည်ထားပူဇော်ခြင်း မင်္ဂလာအခမ်းအနားကျင်းပ




ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော် အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော် မင်္ဂလာမော်ကွန်းကမ္ပည်းဖွင့်လှစ်ခြင်း၊ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဥဏ္ဏာလုံမွေးရှင်တော် စီသွင်းပူဇော်ခြင်းနှင့် ကျောက်စာရုံစေတီတော်တွင် မော်ကွန်းကျောက်စာတော် တည်ထားပူဇော်ခြင်း မင်္ဂလာအခမ်းအနားများကို ဇူလိုင်လ ၂၈ ရက်တွင် သီးခြားစီကျင်းပပြုလုပ်ခဲ့ရာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ပူဇော်ခဲ့ပါသည်။

အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော် မင်္ဂလာမော်ကွန်းကမ္ပည်းဖွင့်လှစ်ခြင်း အခမ်းအနား မင်္ဂလာအချိန်တွင် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်ဝန်ကြီးချုပ်က သာသနာ့ဗိမာန်တော် မော်ကွန်းကမ္ပည်းကြေးပြားတော်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပြီး ပရိတ်နံ့သာရည်များ ပက်ဖျန်းပေးပြီးနောက် အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်အတွင်းရှိ နောင်တော်ကြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဥဏ္ဏာလုံမွေးရှင်တော်မြတ် စီသွင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ခဲ့ပါသည်။

ဥဏ္ဏာလုံမွေးရှင်တော်စီသွင်းပူဇော်ခြင်း မင်္ဂလာအချိန်တွင် နိုင်ငံတော်ဝန်ကြီးချုပ်က နောင်တော်ကြီးဗုဒ္ဓရုပ်ပွားတော်မြတ်အား ဥဏ္ဏာလုံမွေးရှင်တော်မြတ် စီသွင်းပူဇော်ကာ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပရိတ်နံ့သာရည်များပက်ဖျန်းပူဇော်ပြီးနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ညီနိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) တို့က ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်ကြပါသည်။

ဆက်လက်၍ မုစလိန္ဒနဂါးရုံဘုရားကျောင်းဆောင်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဥဏ္ဏာလုံမွေးရှင်တော်မြတ် စီသွင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနားနှင့် မာရဝိဇယကျောင်းဆောင်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဥဏ္ဏာလုံမွေးရှင်တော်မြတ် စီသွင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနားများကို ကျင်းပပြုလုပ်ရာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များက ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဥဏ္ဏာလုံမွေးရှင်တော်မြတ် စီသွင်းပူဇော်ကာ ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်ကြပါသည်။

## နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နောင်တော်ကြီးဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် မာရဝိဇယကျောင်းဆောင်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်တို့အား ဥဏ္ဏလုံမွေးရှင်တော်မြတ် စီသွင်းပူဇော်နေမှု





ကျောက်စာရုံစေတီတော်တွင် မော်ကွန်းကျောက်စာတော် တည်ထားပူဇော်ခြင်း မင်္ဂလာအခမ်းအနားတွင် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ပါဠိအက္ခရာနှင့် Romanize Language တို့ဖြင့်ရိုက်နှိပ် ပူဇော်ထားသည့် ကျောက်စာချပ်များကို တည်ထားပူဇော်ပြီး ပရိတ်နံ့သာရည်များ ပက်ဖျန်းပူဇော်ကြ ပါသည်။

အခမ်းအနားသို့ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှအဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၉-၇-၂၀၂၃)**

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မုစလိန္ဒနဂါးရုံကျောင်းဆောင်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဥဏ္ဏာလုံမွေးရှင်တော်မြတ် စီသွင်းပူဇော်နေမှုနှင့် ပါဠိအက္ခရာနှင့် Romanize Language တို့ဖြင့် ရိုက်နှိပ်ပူဇော်ထားသည့် ကျောက်စာချပ်များကို တည်ထားပူဇော်နေမှု**







- ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော် အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော် မင်္ဂလာမော်ကွန်းကမ္ပည်းဖွင့်လှစ်ခြင်း၊ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဥဏ္ဏလုံမွေးရှင်တော် စီသွင်းပူဇော်ခြင်းနှင့် ကျောက်စာရုံစေတီတော်တွင် မော်ကွန်းကျောက်စာတော် တည်ထားပူဇော်ခြင်း မင်္ဂလာ အခမ်းအနားများကို ဇူလိုင်လ ၂၈ ရက်တွင် သီးခြားစီကျင်းပပြုလုပ်ခဲ့။
- အခမ်းအနားသို့ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးဒေါ်ကြူကြူလှ၊ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့။

## မာရဝိဇယရုပ်ပွားတော်မြတ်ကြီး၏ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော် မာရဝိဇယကျောင်းတော် ကျောင်းလွှတ်ပူဇော် မင်္ဂလာအခမ်းအနားကျင်းပ



ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်လျက်ရှိသည့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်းရှိ မာရဝိဇယကျောင်းတော် ကျောင်းလွှတ်ပူဇော်မင်္ဂလာအခမ်းအနားကို ဇူလိုင်လ ၃၀ ရက်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားသို့ ပျဉ်းမနားမြို့၊ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျကျောင်းတိုက် ပဓာနနာယကအမှူးပြုသည့် ဆရာတော်ကြီးများ၊ မာရဝိဇယကျောင်းတော်တွင် သီတင်းသုံးတော်မူကြမည့် ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ဇနီးဒေါ်ကြူကြူလှနှင့် မိသားစုဝင်များ၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ပူဇော်ကြပါသည်။

အခမ်းအနားမှူးက ကျောင်းအပ်စာတမ်းလွှာကို ဖတ်ကြားလျှောက်ထားပြီး ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊







မိသားစုများက ကျောင်းထိုင်ဆရာတော်ထံ ကျောင်းအပ်စာတမ်းလွှာကို ဆက်ကပ်ပြီး နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများက ပါဠိဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်ကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃၁-၇-၂၀၂၃)**

- ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်လျက်ရှိသည့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓဥယျာဉ် ဝတ္တုကံတော်အတွင်းရှိ မာရဝိဇယကျောင်းတော် ကျောင်းလွှတ်ပူဇော မင်္ဂလာအခမ်းအနားကို ဇူလိုင်လ ၃၀ ရက်တွင် ကျင်းပပြုလုပ်ခဲ့။

## ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းပြသ





ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားကိုးကွယ်လျက်ရှိသည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုအခြေအနေများ ရှင်းလင်းပြသခြင်း အခမ်းအနားကို ဇူလိုင်လ ၂၉ ရက်တွင် ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပါသည်။

ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာ၌-

- မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ကျောက်တုံးတော်ကြီးများတူးဖော်ခြင်းလုပ်ငန်းကို စနစ်တကျဖြင့် အဆင့်ဆင့် ဆောင်ရွက်ခဲ့မှု၊
- ကျောက်တုံးတော်ကြီးအား ရတနာပုံခေတ်ဟန် ဘူမိဖဿမုဒြာဆင်းတုတော်ကြီးအဖြစ် တည်ထားကိုးကွယ်ရန် ဆောင်ရွက်ခဲ့မှု၊
- ရုပ်ပွားတော်ကြီးထုဆစ်မည့် ဆင်းတုတော်အပိုင်းများနှင့် ပလ္လင်တော်အပိုင်း ကျောက်တုံးတော်ကြီးများကို အပိုင်းလိုက်ခွဲ၍ ရေလမ်းကြောင်း၊ ကုန်လမ်းကြောင်းများဖြင့် အခက်အခဲများကြားမှ အဆင့်ဆင့်ပင့်ဆောင်ခဲ့မှု၊ ကမ္ဘာ့အလေးချိန်အများဆုံး ရေလမ်းခရီးသယ်ဆောင်မှုနှင့် ကုန်းလမ်းခရီးသယ်ဆောင်မှုဖြစ်ခဲ့သည့်အခြေအနေများ၊
- မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ကြီး အဆင့်အဆင့်တည်ဆောက်နိုင်ရေး ဆောင်ရွက်ခဲ့မှု၊
- မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်ကြီး တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘုရား၊ ကျောင်း၊ ကန်၊ သိမ်၊ ဇရပ်၊ တံတား၊



ဥယျာဉ်များ ပြည့်စုံစွာဖြင့် ထည့်သွင်းတည်ဆောက်နိုင်ရေး နိုင်ငံတော် သံဃာ့မဟာနာယက ဆရာတော်ကြီးများထံမှ ဩဝါဒခံယူဆောင်ရွက်ခဲ့မှု၊

- ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒမိန့်ကြားချက်များအရ ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ကျမ်းစာများကို ကမ္ဘာကပါသိရှိနိုင်ရေးအတွက် စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများ အသုံးပြုပြီး ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ တည်ထားဆောင်ရွက်လျက်ရှိမှု၊
- ကမ္ဘာပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဖြန့်ဝေရန်အတွက်လည်း ပိဋကတ်ကျမ်းစာအုပ်များကို ပါဠိအက္ခရာနှင့် Romanize Language တို့ဖြင့် ရိုက်နှိပ်ခြင်းနှင့် Tablet များဖြင့်ထည့်သွင်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိမှု၊
- ရုပ်ပွားတော်မြတ်ကြီး၏ မျက်နှာတော်မူရာတူရူအရပ်တွင် ဝိဇယဘူမိနိမ္မာန အောင်မြေတည်ထားမှု၊
- မာရဝိဇယရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရာတွင် ရေရှည်တည်တံ့ ခိုင်မြဲမှုရှိစေရေးစနစ်တကျ တွက်ချက်ဆောင်ရွက်ခဲ့မှု၊
- ရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်အပိုင်းများအလိုက် CNC စက်ဖြင့် အဆင့်ဆင့်ထုဆစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊
- ပလ္လင်တော်အပိုင်းများကို အဆင့်ဆင့်တွဲဆက်ခဲ့မှု၊ ရေပန်းရင်ပြင်နှင့် ရေပန်းဝိုင်းများတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့မှု၊
- မာရဝိဇယကျောင်းတော်နှင့် မုစလိန္ဒကန်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့မှုနှင့် ကျည်းပင်များစိုက်ပျိုးထားရှိမှု၊
- ဆင်းတုတော်ကြီး၏ အပိုင်း(၁၊၂၊၃) တို့အားတွဲဆက်၍ ပင့်ထောင်ခြင်းလုပ်ငန်းနှင့် ပင့်ဆောင်ခြင်းလုပ်ငန်းများကို ခေတ်မီစက်ကရိယာများအသုံးပြုပြီး မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနှင့် တပ်မတော်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ လုပ်ငန်းများအောင်မြင်စွာဆောင်ရွက်နိုင်ခဲ့မှု၊
- ရတနာပလ္လင်တော်ထက်တွင် ဌာပနာထည့်သွင်းပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားများ ဆောင်ရွက်ခဲ့မှု၊
- သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများကို ခမ်းနားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်နိုင်သော အလျား ၂၉၆ ပေ၊ အနံ ၂၁၃ ပေ၊ အမြင့် ၉၄ ပေရှိ သာသနာ့ဗိမာန် အဂ္ဂါဓိပတိဝိသုံဂါမသိမ်တော်ကြီးကို ခမ်းနားထည်ဝါစွာဖြင့် တည်ဆောက်ထားမှု အခြေအနေများ၊
- မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆေးသင်္ကန်းကပ်လှူပူဇော်ခဲ့မှုနှင့် ဥဏ္ဏာလုံမွေးရှင်တော်မြတ် တပ်ဆင်ပူဇော်ခဲ့မှု၊



- ရုပ်ပွားတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် လေပြင်းတိုက်ခတ်မှု ဒဏ်ခံနိုင်ရေး၊ မြေငလျင်ဒဏ်ခံနိုင်ရေးနှင့် သဘာဝဘေးဒဏ်အန္တရာယ်များမှ ခံနိုင်မှုရှိစေရေး စနစ်တကျတွက်ချက် တည်ဆောက်ခဲ့မှုနှင့် ခေတ်မီနည်းပညာများ အသုံးပြုတည်ဆောက်ခဲ့မှု၊
- ရင်ပြင်တော်ကြီးတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ခဲ့မှု၊ ဂန္ဓကုဋိတိုက်များ တည်ဆောက်ထားရှိမှု၊
- မဟာဗောဓိပင်စိုက်ပျိုးထားရှိမှုနှင့် လင်းလွန်းပင်နှင့် အင်ကြင်းတောစိုက်ပျိုး ဆောင်ရွက်လျက်ရှိမှု၊
- ဗုဒ္ဓါဘိသေက အနေကဇာတင်အခမ်းအနားကျင်းပရန် ပြင်ဆင်နေမှုနှင့် ဘုရားကြီးတည်ဆောက်ပြီးစီးပါက တွေ့ရှိရမည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တည်ဆောက်ခြင်းအတွက် ကြည်ညိုသဒ္ဓါပွားများလျက် အလှူငွေများကို ပေးအပ်လှူဒါန်းလာသဖြင့် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လက်ခံရယူခဲ့ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပါသည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တည်ဆောက်ခြင်းအတွက် ယနေ့တက်ရောက်လာကြသူများ၏ လှူဒါန်းမှုအနေဖြင့် ပြည်တွင်း၊ ပြည်ပအလှူရှင် ၂၇၄ ဦးမှ လှူဒါန်းငွေ ၅ ဒသမ ၀၄ ဘီလီယံ (ငွေကျပ် သန်း ၅,၀၀၀ ကျော်)၊ အမေရိကန်ဒေါ်လာ ၂၃,၀၀၀ နှင့် ထိုင်းဘတ်ငွေတစ်သိန်း တို့ဖြစ်ကြောင်း သိရှိရပါသည်။

အခမ်းအနားတက်ရောက်လာကြသူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း လှည့်လည်ကြည့်ရှုဖူးမြော်ခဲ့ကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ထားရှိမှု၊ ဗုဒ္ဓဥယျာဉ်တော်အတွင်း သာသနိကအဆောက်အဦများ ထည့်သွင်းတည်ဆောက်ထားရှိမှု၊ မုစလိန္ဒနဂါးရုံဘုရားနှင့် ကျောက်စာရုံစေတီတော်များတည်ထားကိုးကွယ်ထားရှိမှုတို့နှင့်ပတ်သက်၍ တာဝန်ရှိသူများ၏ ရှင်းလင်းပြောကြားမှုများအပေါ် စိတ်ဝင်တစားလေ့လာ ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃၀-၇-၂၀၂၃)**

**အခမ်းအနားတက်ရောက်လာကြသူများက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ် တည်ဆောက်ခြင်းအတွက် ကြည်ညိုသဒ္ဒါပွားများလျက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လက်ခံရယူနေမှု**





- ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှု အခြေအနေများကို အလှူရှင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များထံ ရှင်းလင်းပြသခဲ့။
- မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တည်ဆောက်ခြင်းအတွက် ယနေ့တက်ရောက်လာကြသူများ၏ လှူဒါန်းမှုအနေဖြင့် ပြည်တွင်း၊ ပြည်ပအလှူရှင် ၂၇၄ ဦးမှ လှူဒါန်းငွေ ၅ ဒသမ ၀၄ ဘီလီယံ (ငွေကျပ်သန်း ၅,၀၀၀ ကျော်)၊ အမေရိကန်ဒေါ်လာ ၂၃,၀၀၀ နှင့် ထိုင်းဘတ်ငွေတစ်သိန်းတို့ဖြစ်။


**အခမ်းအနားတက်ရောက်လာကြသူများက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းနှင့် မုစလိန္ဒနဂါးရုံဘုရားတည်ဆောက်ပြီးစီးမှုတို့အား စိတ်ဝင်တစားလှေ့လာကြည့်နေမှုမှတ်တမ်းများ**







# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၃ ခုနှစ်၊ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကျင်းပ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၃ ခုနှစ်၊ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကို ဇူလိုင်လ ၂၇ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညို၍ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံ ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ဆရာတော်၊ သံဃာတော်များအား နှေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်၊ ကျောက်မဲမြို့၊ သီဟိုဠ်ပရိယတ္တိစာသင်တိုက်ပဓာန နာယကဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို အသီးသီးဆက်ကပ်လှူဒါန်းခဲ့ကြပါသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော်ကြီး အမှူးပြုသော ဥပ္ပါတသန္တိစေတီတော်ဂေါပက အဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများအပါအဝင် ပင့်ဖိတ်ထားသည့် ဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊လေ) နှင့်ဇနီး၊ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၈-၇-၂၀၂၃)**









- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၃ ခုနှစ်၊ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့ တက်ရောက်ကြည်ညို၍ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံ ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီးပွားရေးရာကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၃) သို့ တက်ရောက်အမှာစကားပြောကြား



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီးပွားရေးရာကော်မတီ အစည်းအဝေး အမှတ်စဉ် (၆/၂၀၂၃) ကို ဇူလိုင်လ ၂၆ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ စီးပွားရေးရာကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားခဲ့ပါသည်။ ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားခဲ့ရာတွင်-

- ဘဏ္ဍာငွေသုံးစွဲမှုတွင် နိုင်ငံတော်၏ ရငွေပိုင်းနှင့်ပတ်သက်၍ သာမန်ရငွေများ၊ ချေးငွေနှင့် ထောက်ပံ့ငွေများဟူ၍ ၃ ပိုင်းရှိကြောင်း၊ မိမိတို့တာဝန်ယူဆောင်ရွက်ပြီးနောက်ပိုင်း ချေးငွေများ လုံးဝချေးယူခြင်းမရှိကြောင်း။
- မိမိတို့တာဝန်ယူချိန်တွင် သယံဇာတရောင်းချခြင်းကို အတတ်နိုင်ဆုံးထိန်းထားပြီး မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် ထုတ်ကုန်များပိုမိုထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေခြင်းသာဖြစ်ကြောင်း။
- ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ၃ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ၂၀၂၃- ၂၀၂၄ ဘဏ္ဍာရေးနှစ်တွင်လည်း ၄ ရာခိုင်နှုန်းခန့်တိုးတက်မည်ဟု မျှော်မှန်းထားကြောင်း။
- လက်ရှိဆောင်ရွက်နေသည့် ကုန်ထုတ်လုပ်မှုများကို အမှန်တကယ်ဆောင်ရွက်နိုင်မည်ဆိုပါက ထပ်မံတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ၂၀၂၀ -၂၀၂၁ ခုနှစ်တွင် စီးပွားရေးကျဆင်းခဲ့သည့် အခြေအနေမှ ပြန်လည်ရုန်းထွက်ဆောင်ရွက်နိုင်ခဲ့ခြင်းပင်ဖြစ်ကြောင်း။
- စိုက်ပျိုးမြေများသုံးစွဲမှုနှင့်ပတ်သက်၍ စိုက်ပျိုးမြေများကို အခြားနည်းများဖြင့် သုံးစွဲလျက်ရှိခြင်းကြောင့် နိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းများအတွက် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း။
- မြေအသုံးချမှုနှင့်ပတ်သက်၍ မှန်မှန်ကန်ကန်ဆောင်ရွက်ကြရမည်ဖြစ်ပြီး ပြဋ္ဌာန်းဥပဒေများနှင့်အညီ စိစစ်ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း။
- ပြည်တွင်းစားသုံးဆီလိုအပ်ချက်အတွက် စားသုံးဆီများကို ပြည်ပမှနှစ်စဉ် တင်သွင်းနေရသဖြင့် နိုင်ငံခြားငွေများစွာ သုံးစွဲကုန်ကျလျက်ရှိရာ ပြည်တွင်း စားသုံးဆီဖူလုံမှုရှိစေရေးအတွက် ဆီထွက်သီးနှံများစိုက်ပျိုးခြင်းများကို အားပေးဆောင်ရွက်လျက်ရှိကြောင်း။
- စီးပွားရေးရာကော်မတီအနေဖြင့် အစိုးရကို တာဝန်ခံရမည်ဖြစ်ပြီး အစိုးရအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး

ကောင်စီကို တာဝန်ခံရမည်ဖြစ်ကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းပြည်ကို တာဝန်ခံရမည်ဖြစ်ကြောင်း။

- ထို့ကြောင့် စီးပွားရေးရာကော်မတီအနေဖြင့် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆွေးနွေးဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်းဖြင့် ပြောကြားခဲ့ပါသည်။

ထို့နောက် စီးပွားရေးရာကော်မတီအတွင်းရေးမှူး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းရှိန်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြခဲ့ကြရာ ရှင်းလင်းတင်ပြမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က-

- ကုန်သွယ်မှုနှင့်ပတ်သက်၍ ကုန်ထုတ်လုပ်မှုများရှိမှသာ ပို့ကုန်များရရှိမည် ဖြစ်သဖြင့် ကုန်ထုတ်လုပ်မှုများ မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံမှ ထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ပြည်ပဈေးကွက်ရရှိရေးအတွက် နိုင်ငံတကာဈေးကွက်ကို အမြဲမပြတ် သုတေသနပြုဆောင်ရွက်နေရန်လိုကြောင်း။
- ဝန်ကြီးဌာနများမှ ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းလည်ပတ်မှုများ အပြည့်အဝလည်ပတ်နိုင်ရေး စီမံဆောင်ရွက်ရန်လိုကြောင်း။
- နှစ်သောင်းတန်ငွေစက္ကူထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ အထိမ်းအမှတ်အဖြစ် ထုတ်ခဲ့ခြင်းသာဖြစ်ကြောင်းနှင့် အကန့်အသတ်ဖြင့်သာ ထုတ်လုပ်ခြင်းဖြစ်ကြောင်း။
- နိုင်ငံတော်အနေဖြင့် ဘဏ္ဍာငွေလိုအပ်ချက်မရှိသကဲ့သို့ နိုင်ငံအတွင်းလည်ပတ် သုံးစွဲငွေများမှာတစ္စာဖြင့်ရှိနေကြောင်းနှင့် ယခုကဲ့သို့ နှစ်သောင်းတန် ငွေစက္ကူထုတ်ခဲ့ခြင်းကြောင့် ငွေကြေးဖောင်းပွမှုလုံးဝဖြစ်ပေါ်စေမည်မဟုတ်ကြောင်း ပြောကြားခဲ့ပါသည်။

အစည်းအဝေးသို့ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဦးရွှေကြိမ်းနှင့် ဦးမောင်ကို၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၇-၇-၂၀၂၃)**

- **၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ၃ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး ၂၀၂၃- ၂၀၂၄ ဘဏ္ဍာရေးနှစ်တွင်လည်း ၄ ရာခိုင်နှုန်းခန့်တိုးတက်မည်ဟု မျှော်မှန်းထား။**
- **လက်ရှိဆောင်ရွက်နေသည့် ကုန်ထုတ်လုပ်မှုများကို အမှန်တကယ်ဆောင်ရွက်နိုင်မည်ဆိုပါက ထပ်မံတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ၂၀၂၀-၂၀၂၁ ခုနှစ်တွင် စီးပွားရေးကျဆင်းခဲ့သည့်အခြေအနေမှ ပြန်လည်ရုန်းထွက်ဆောင်ရွက်နိုင်ခဲ့ခြင်းပင်ဖြစ်။**
- **နှစ်သောင်းတန်ငွေစက္ကူထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ အထိမ်းအမှတ်အဖြစ်ထုတ်ခဲ့ခြင်းသာဖြစ်ပြီး အကန့်အသတ်ဖြင့်သာ ထုတ်လုပ်ခြင်းဖြစ်။**
- **နိုင်ငံတော်အနေဖြင့် ဘဏ္ဍာငွေလိုအပ်ချက်မရှိသကဲ့သို့ နိုင်ငံအတွင်းလည်ပတ်သုံးစွဲငွေများမှာတစ္စာဖြင့်ရှိနေကြောင်း၊ ယခုကဲ့သို့ နှစ်သောင်းတန်ငွေစက္ကူထုတ်ခဲ့ခြင်းကြောင့် ငွေကြေးဖောင်းပွမှုလုံးဝ ဖြစ်ပေါ်စေမည်မဟုတ်။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာ အထူးကိုယ်စားလှယ် Mr. Deng Xijun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာအထူးကိုယ်စားလှယ် Mr. Deng Xijun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ဇူလိုင်လ ၂၈ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၊ ဧည့်ခန်းမ၌ လာရောက်ဂါရဝပြု တွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုအခြေအနေများ၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် နိုင်ငံတော်မှဆောင်ရွက်လျက်ရှိသကဲ့သို့ တရုတ်နိုင်ငံအနေဖြင့်လည်း ကူညီဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေများနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မိုခါမုန်တိုင်းကြောင့် ထိခိုက်မှုများဖြစ်ပွားချိန်တွင် တရုတ်နိုင်ငံမှ အကူအညီများပေးခဲ့မှု အခြေအနေများ၊ အွန်လိုင်းလိမ်လည်မှုများ ပပျောက်ရေး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် နိုင်ငံခြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာ အထူးကိုယ်စားလှယ်နှင့်အတူ အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၉-၇-၂၀၂၃)**

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာအထူး ကိုယ်စားလှယ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ဇူလိုင်လ ၂၈ ရက်တွင် လာရောက်ဂါရဝပြု တွေ့ဆုံခဲ့။
- ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုအခြေအနေများ၊ ပြည်တွင်း ငြိမ်းချမ်းရေးရရှိရန်အတွက် နိုင်ငံတော်မှဆောင်ရွက်လျက်ရှိသကဲ့သို့ တရုတ်နိုင်ငံအနေဖြင့်လည်း ကူညီဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၃ ခုနှစ်၊ဒုတိယအကြိမ် နိုင်ငံအဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်





၂၀၂၃ ခုနှစ်၊ ဒုတိယအကြိမ် နိုင်ငံအဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနား ကို ဇူလိုင်လ ၂၈ ရက်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ် အတွင်းတည်ထားကိုးကွယ်လျက်ရှိသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဇနီးဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင်-

- မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း ဥယျာဉ်စိမ်းလန်းစိုပြည်သာယာပြီး ဘုရားဖူး လာရဟန်းရှင်လူပြည်သူများ စိတ်ကြည်လင်အေးချမ်းစေရေး၊ သစ်တော သယံဇာတများ ရေရှည်တည်တံ့ပြီး ဇီဝမျိုးစုံမျိုးကွဲများ ပေါများကြွယ်ဝစေရေး၊ ရာသီဥတုသာယာမျှတစေရေးနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာစေရေးအတွက် ရည်ရွယ်၍ ယခုသစ်ပင်စိုက်ပွဲတော်ကို ကျင်းပခြင်းဖြစ်ကြောင်း။
- ယခုကျင်းပပြုလုပ်သည့် သစ်ပင်စိုက်ပျိုးပွဲတွင် မြန်မာနိုင်ငံ၏ ဂုဏ်ယူဖွယ်ရာ ဗုဒ္ဓရုပ်ပွားတော်မြတ်တည်ရှိသည့် ဥယျာဉ်ဝင်းအတွင်း စိမ်းလန်းစိုပြည်စေရေးအတွက် လင်းလွန်းပင်၊ လုမ္ဗိနီအင်ကြင်းပင်နှင့် ကံ့ကော်ပင်စသည့် သစ်မျိုး(၁၇)မျိုး၊ အပင်ပေါင်း (၂,၁၈၁)ပင်ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း။
- ဗုဒ္ဓ၏အဆုံးအမတရားတော်၌ ထာဝရကုသိုလ်(၆)ပါးရှိသည့်အနက် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်း



သိမ်းခြင်းသည် ထာဝရကုသိုလ်တစ်ပါးဖြစ်ပြီး သစ်ပင်စိုက်ပျိုးခြင်းသည် ဇရပ်တန်ဆောင်း၊ ဂူ၊ ကျောင်း၊ ပြာသာဒ် ဆောက်လုပ်လှူဒါန်းခြင်းနှင့် အခြားထာဝရကုသိုလ်များကဲ့သို့ပင် တူညီသည့်ကုသိုလ်ကို ရရှိခံစားနိုင်ပြီး အသက်ရှည်ကျန်းမာသည့် ကုသိုလ်အကျိုးထူးတို့ကိုလည်း ရရှိနိုင်ကြောင်း။

- ထို့ကြောင့်လည်း မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း၌ ဗောဓိညောင်ပင်၊ ကျည်းပင်၊ လင်းလွန်းပင်၊ လုမ္ဗိနီအင်ကြင်းပင်အစရှိသည့် ဗုဒ္ဓသာသနာနှင့် ဆက်စပ်နေသည့် အပင်မျိုးများအပါအဝင် သစ်ပင်မျိုးများစွာကို စိုက်ပျိုးပြုစုထိန်းသိမ်းထားကြောင်း၊ "ဘုရား ကျောင်းကန် စေတီရံလည်းသစ်ပင်ရှိမှ ပနံရလိမ့်" ဟုဆိုသည့်အတိုင်း မြန်မာနိုင်ငံ၏ ဂုဏ်ယူဖွယ်ရာ ဗုဒ္ဓရုပ်ပွားတော်မြတ်တည်ရှိသည့် ဥယျာဉ်ဝင်းအတွင်း စိမ်းလန်းသာယာစေရေး ယခုကဲ့သို့ ပြည်သူများနှင့်ပူးပေါင်းပြီး သစ်ပင်များ ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း။
- ဗုဒ္ဓဥယျာဉ်တော်ကြီး စိမ်းလန်းသာယာစိုပြေရေး၊ သစ်ပင်သစ်တောများ ရေရှည်တည်တံ့စေရေးအတွက် ဘက်စုံကဏ္ဍစုံမှ ရှုမြင်သုံးသပ်ပြီး သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။
- ယခုသစ်ပင်စိုက်ပျိုးပွဲတော်မှသည် နိုင်ငံအဝန်းကျေးလက်မြို့ပြများအားလုံး စိမ်းလန်းစိုပြည်သာယာစေရေး၊ မိမိပတ်ဝန်းကျင်နှင့် ကမ္ဘာမြေငြိမ်းချမ်းသာယာစေရေး၊ ထာဝရ ကုသိုလ်ရယူနိုင်ရေး သစ်ပင်သစ်တောများကို စိုက်ပျိုးထိန်းသိမ်းကြရမည်ဖြစ်ကြောင်းကို တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားခဲ့။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့က လင်းလွန်းပင်ကို သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးပြီးနောက်အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီး၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ပျိုးပင်များကို တစ်ပြိုင်တည်း စိုက်ပျိုးပေးခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၉-၇-၂၀၂၃)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ၂၀၂၃ ခုနှစ်၊ ဒုတိယအကြိမ် နိုင်ငံအဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် လင်းလွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးနေမှု






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ၂၀၂၃ ခုနှစ်၊ ဒုတိယအကြိမ် နိုင်ငံအဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးနေမှု



- ယခုကျင်းပပြုလုပ်သည့် သစ်ပင်စိုက်ပျိုးပွဲတွင် မြန်မာနိုင်ငံ၏ ဂုဏ်ယူဖွယ်ရာ ဗုဒ္ဓရုပ်ပွားတော်မြတ်တည်ရှိသည့် ဥယျာဉ်ဝင်းအတွင်း စိမ်းလန်းစိုပြည်စေရေးအတွက် လင်းလွန်းပင်၊ လုမ္ဗိနီအင်ကြင်းပင်နှင့် ကံ့ကော်ပင်စသည့် သစ်မျိုး(၁၇)မျိုး၊ အပင်ပေါင်း (၂,၁၈၁)ပင်ကို စိုက်ပျိုးသွားမည်ဖြစ်။
- ဗုဒ္ဓ၏အဆုံးအမတရားတော်၌ ထာဝရကုသိုလ်(၆)ပါးရှိသည့်အနက် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများ ထိန်းသိမ်းခြင်းသည် ထာဝရကုသိုလ်တစ်ပါးဖြစ်ပြီး သစ်ပင်စိုက် ပျိုးခြင်းသည် ဇရပ်တန်ဆောင်း၊ ဂူ၊ ကျောင်း၊ ပြာသာဒ်ဆောက်လုပ် လှူဒါန်းခြင်းနှင့် အခြားထာဝရကုသိုလ်များကဲ့သို့ပင် တူညီသည့်ကုသိုလ်ကို ရရှိခံစား နိုင်ပြီး အသက်ရှည်ကျန်းမာသည့် ကုသိုလ်အကျိုးထူးတို့ကိုလည်း ရရှိနိုင်။
- ယခုသစ်ပင်စိုက်ပျိုးပွဲတော်မှသည် နိုင်ငံအဝန်းကျေးလက်မြို့ပြများအားလုံး စိမ်းလန်းစိုပြည်သာယာစေရေး၊ မိမိ ပတ်ဝန်းကျင်နှင့် ကမ္ဘာမြေငြိမ်းချမ်းသာယာစေရေး၊ ထာဝရကုသိုလ်ရယူနိုင်ရေး သစ်ပင်သစ်တောများကို စိုက်ပျိုးထိန်းသိမ်းကြရမည်ဖြစ်။
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးတို့က လင်းလွန်းပင်ကို သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးပြီးနောက်အခမ်းအနားသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများက ပျိုးပင်များကို တစ်ပြိုင်တည်း စိုက်ပျိုးပေးခဲ့။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄/၂၀၂၃) သို့ တက်ရောက်အမှာစကားပြောကြား





တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေး (၄/၂၀၂၃) ကို ဇူလိုင်လ ၂၇ ရက်တွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားရာတွင်-

- ဖမ်းဆီးရမိအနေဖြင့် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၃ ခုနှစ်၊ ဇွန်လအထိ အမှုတွဲ (၇,၀၁၁)မှုနှင့် ခန့်မှန်းတန်ဖိုးကျပ် (၁၂၇.၀၅၄) ဘီလီယံဖြစ်ပြီး ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက များစွာတိုးတက် ဖမ်းဆီးနိုင်ခဲ့သော်လည်း တရားမဝင်ကုန်သွယ်မှုများသည် လျော့နည်းကျဆင်းသွားခြင်းမရှိဘဲ ဆက်လက်လုပ်ကိုင် ဆောင်ရွက်လျက်ရှိကြောင်း။
- မြန်မာ-ထိုင်း နှစ်နိုင်ငံကုန်သွယ်မှု ၂၀၂၂ ခုနှစ်၊ မေလမှ ၂၀၂၃ ခုနှစ်၊ ဧပြီလအထိ စာရင်းတွင် ထိုင်းနိုင်ငံစာရင်းအရ ထိုင်းပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂.၉၃၂ ဘီလီယံဖြစ်ပြီး မိမိတို့၏စာရင်းအရ သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁.၂၉၃ ဘီလီယံဖြစ်၍ အမေရိကန်ဒေါ်လာ ၁.၆၃၉ ဘီလီယံကွာခြားနေသည့်အတွက် ၎င်းသည် တစ်နှစ်အတွင်း တရားမဝင်ကုန်သွယ်မှုများဖြစ်သည်ဟု သုံးသပ်ရကြောင်း။
- နိုင်ငံ၏ ပထဝီအနေအထားအရ ရှည်လျားသည့် နယ်စပ်မျဉ်းတစ်လျှောက်တွင် ရှိသည့် တရားမဝင် ဝင်ထွက်ပေါက်များ၊ မှောင်ခိုရှောင်ကွင်းလမ်းများအပြင် တာဝန်ကျ နိုင်ငံ့ဝန်ထမ်းအချို့၏ အားနည်းချက်များကြောင့် တရားမဝင်ကုန်ပစ္စည်းများ နိုင်ငံအတွင်းပိုင်းအထိ ဖမ်းဆီးဖော်ထုတ်သည့်ကြားမှ ဝင်လာဆဲဖြစ်၍ အဆိုပါတရားမဝင်ကုန်ပစ္စည်းများ သိမ်းဆည်းနိုင်မည့် သိုလှောင်ရုံများနှင့် ဈေးကွက်များအထိ ဝင်ရောက်စစ်ဆေး အရေးယူဆောင်ရွက်ရန် လိုအပ်ကြောင်း။
- နိုင်ငံအတွင်း သယံဇာတပစ္စည်းများ တရားမဝင်ထုတ်လုပ်နေမှုများ ရှိနေဆဲပင် ဖြစ်သောကြောင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များအနေဖြင့် နိုင်ငံ၏ သယံဇာတပစ္စည်းများ တရားမဝင်ထုတ်လုပ်မှုကိုလည်း ထိထိရောက်ရောက် တားဆီး၊ စစ်ဆေးအရေးယူကြရန် တိုက်တွန်းပြောကြားလိုကြောင်း။
- သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အလိုက်တွင် ဖွင့်လှစ်ထားသည့် ကုန်သွယ်ရေးစခန်းများ၊ စစ်ဆေးရေးစခန်းများနှင့် လုံခြုံရေးဂိတ်များတွင် လာဘ်ပေးလာဘ်

ယူမှုများမရှိစေရေး၊ မလိုအပ်ဘဲ အချိန်ကြန့်ကြာမှုများမဖြစ်စေရေး အလေးထား ကြပ်မတ်ဆောင်ရွက်ကြရန်နှင့် လာဘ်ပေးလာဘ်ယူမှုများကို စိစစ်ဖော်ထုတ်တွေ့ရှိပါက တာဝန်ရှိသူအဆင့်ဆင့်ကို ထိထိရောက်ရောက်အရေးယူရန် မှာကြားလိုကြောင်း။

- တာဝန်ယူရသည့် စစ်ဆေးရေးဂိတ်၊ လုံခြုံရေးဂိတ်များတွင် လာဘ်ပေးလာဘ်ယူမှုများမရှိအောင် ကြပ်ကြပ်မတ်မတ် ဆောင်ရွက်ကြရန် အလေးထားမှာကြားလိုကြောင်း။
- ၂၀၂၃ ခုနှစ်၊ ဇွန်လ၏ ဖမ်းဆီးရမိမှုကို သုံးသပ်ရလျှင် ယခင်လထက် ဖမ်းဆီးရမိမှုများသော်လည်း ကုန်ပစ္စည်းအုပ်စုအလိုက် သုံးသပ်ချက်အရ ဖမ်းဆီးရမိမှု လချုပ်ခန့်မှန်းတန်ဖိုးကျပ် ၁၁.၈၁၆ ဘီလီယံသည် မော်တော်ယာဉ်အုပ်စုက ကျပ် ၇.၈၂၂ ဘီလီယံဖြစ်ပြီး ယခင်လထက်ကျပ် ၄.၂၅၄ ဘီလီယံ ပိုလာသော်လည်း ကျန်အုပ်စုများဖြစ်သည့် လယ်ယာထွက်ကုန်၊ သစ်မျိုးစုံ၊ လုပ်ငန်းသုံးကုန်ကြမ်း၊ လူသုံးကုန်၊ စားသောက်ကုန်နှင့် တိရစ္ဆာန်အရှင်များမှာ ဖမ်းဆီးရမိမှု လျော့နည်းကျဆင်းလာသည်ကို တွေ့ရကြောင်း။
- ကွန်တိန်နာ၊ အလုံပိတ်ယာဉ်များနှင့် ကုန်စည်သယ်ယူပို့ဆောင်မှုကို စောင့်ကြည့်စစ်ဆေးသည့် E-Lock စနစ် အမြန်ဆုံးအကောင်အထည်ဖော်နိုင်အောင် ဆောင်ရွက်ကြရန် တွန်းအားပေးပြောကြားလိုကြောင်း။
- ကုန်ပစ္စည်းများစစ်ဆေးရာတွင် Manual စစ်ဆေးခြင်းထက် ICT နည်းပညာ အသုံးပြုသည့်နည်းလမ်း၊ X-ray စက်များနှင့် ရှာဖွေစစ်ဆေးနိုင်လျှင် အချိန်ကုန်သက်သာပြီး တွေ့ရှိဖမ်းဆီးမှု ပိုတက်လာနိုင်သလို ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေးကိုလည်း အထောက်အကူပြုမည်ဖြစ်သည့်အတွက် အကောက်ခွန်ဦးစီးဌာနအနေဖြင့် နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံများမှာ အသုံးပြုနေသည့် ရှာဖွေတားဆီးစစ်ဆေးခြင်းစနစ်များကိုလည်း လေ့လာပြီး စီမံဆောင်ရွက်ထားသင့်ကြောင်း။
- အချို့ခေတ်မီသည့် နိုင်ငံများတွင် နည်းစနစ်များ၏ ကောင်းမွန်မှုများကြောင့် ဝန်ထမ်းအင်အားအနည်းငယ်ကိုသာ အသုံးပြုပြီး ကုန်သွယ်မှုလုပ်ငန်းများ တွင်တွင်ကျယ်ကျယ် ဆောင်ရွက်နေကြသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။
- တရားမဝင်ကုန်ပစ္စည်းများကို နယ်စပ်ဒေသနှင့် ကုန်သွယ်မှုလမ်းကြောင်းပေါ်မှ တားဆီးစစ်ဆေးမှုအပြင် သိုလှောင်ရုံများနှင့် ဈေးကွက်များအထိ ဝင်ရောက်စစ်ဆေးအရေးယူနိုင်ရေး ဆောင်ရွက်ကြရမှာဖြစ်ကြောင်း။
- ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်တွင်ရှိသည့် ဂိတ်များတွင် မလိုလားအပ်သည့် ကုန်ကျစရိတ်များနှင့် အချိန်ကြန့်ကြာမှုများမရှိစေရေး အထူးအဖွဲ့ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အလေးထားကြပ်မတ်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။
- ဝန်ထမ်းအင်အား အသုံးပြုလုပ်ငန်းဆောင်ရွက်ရသည့်နေရာတွင် ခေတ်မီနည်းစနစ်နှင့် အစားထိုးနိုင်ရေး အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ကြရန်၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် အထူးအဖွဲ့များနှင့် One Stop Service ဌာနဆိုင်ရာများ အပြန်အလှန်ပူးပေါင်းဆောင်ရွက်သွားကြရန် လိုကြောင်း ပြောကြားခဲ့။

အစည်းအဝေးသို့ တက်ရောက်လာကြသူများက တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြခဲ့ကြပြီး ဦးဆောင်ကော်မတီရုံးလုပ်ငန်းအဖွဲ့ခေါင်းဆောင်က တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီအစည်းအဝေး (၄/၂၀၂၃) ဆုံးဖြတ်ချက် (မူကြမ်း)များကို ဖတ်ကြားတင်ပြခဲ့ပါသည်။ ထို့နောက် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌက တင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပါသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဦးဝင်းရှိန်နှင့် ဦးအောင်နိုင်ဦး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်

များနှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့ ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၈-၇-၂၀၂၃)**

- **နိုင်ငံအတွင်း သယံဇာတပစ္စည်းများ တရားမဝင်ထုတ်လုပ်နေမှုများ ရှိနေဆဲပင်ဖြစ်သောကြောင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များအနေဖြင့် နိုင်ငံ၏သယံဇာတပစ္စည်းများ တရားမဝင်ထုတ်လုပ်မှုကို လည်း ထိထိရောက်ရောက် တားဆီး၊ စစ်ဆေးအရေးယူကြရန်လိုအပ်။**
- **ကွန်တိန်နာ၊ အလုံပိတ်ယာဉ်များနှင့် ကုန်စည်သယ်ယူပို့ဆောင်မှုကို စောင့်ကြည့်စစ်ဆေးသည့် E-Lock စနစ်ကို အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ရန်။**
- **တရားမဝင်ကုန်ပစ္စည်းများကို နယ်စပ်ဒေသနှင့် ကုန်သွယ်မှုလမ်းကြောင်းပေါ်မှ တားဆီးစစ်ဆေးမှုအပြင် သိုလှောင်ရုံများနှင့် ဈေးကွက်များအထိ ဝင်ရောက်စစ်ဆေးအရေးယူရန်။**
- **ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်တွင်ရှိသည့် ဂိတ်များတွင် မလိုလားအပ်သည့် ကုန်ကျစရိတ်များနှင့် အချိန် ကြန့်ကြာမှုများမရှိစေရေး အထူးအဖွဲ့ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အလေးထားကြပ်မတ် ဆောင် ရွက်ကြရန်။**

## မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်လှူခြင်း အခမ်းအနားသို့ ပြည်ပမှကြွရောက်လာကြသည့် ဆရာတော်ကြီးများနှင့် လူပုဂ္ဂိုလ်များ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏသီရိ မြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓဉယျာဉ်တော်တွင် တည်ထားကိုးကွယ် လျက်ရှိသည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်လှူခြင်း အခမ်းအနား၊ ကျောက်စာရုံစေတီ များ ထီးတော်တင်လှူခြင်းနှင့် ဗုဒ္ဓဉယျာဉ်တော် သာသနိက အဆောက်အဦများ လှူဒါန်းခြင်း ရေစက်ချ မဟာမင်္ဂလာအခမ်း အနားများသို့ တက်ရောက်ရန်အတွက် ပြည်ပမှကြွရောက် လာကြသည့် ဆရာတော်ကြီးများနှင့် လူပုဂ္ဂိုလ်များသည် ဇူလိုင် လ ၃၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာကြပါသည်။

ကြွရောက်လာကြသည့် ဆရာတော်ကြီးများအား အဘိဓဇမဟာရဋ္ဌဂုရု ရွှေကျင်သာသနာပိုင် သီတဂူအဓိပတိ ဆရာတော်ဘုရားကြီး ဒေါက်တာအရှင်ဉာဏိဿရနှင့် တာဝန် ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြပြီး ဆရာတော် များအား နေ့ဆွမ်း ဆက်ကပ်ခဲ့ကြပြီး မွန်းလွဲ ၂ နာရီတွင် ရန် ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေ မဟာနာယကကျောင်းဆောင် ဘုရားခန်းမ၌ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်း ဆရာတော်အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးလေးပါးနှင့် ပြည်ပမှကြွရောက်တော်မူလာကြ သည့် လာအိုနိုင်ငံသံဃရာဇာဆရာတော်ကြီး Most Ven. Bounma Simmaphom နှင့် အဖွဲ့တို့တွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံရာတွင် လာအိုနှင့်မြန်မာ နှစ်နိုင်ငံ ထေရဝါဒ ဗုဒ္ဓဘာသာသာပညာရေးနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်လျက် ရှိသည့်အခြေအနေများ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ်၌ အရည်အချင်းပြည့်မီသော ရဟန်း တော်များ၊ လူပုဂ္ဂိုလ်များကို ပရိယတ္တိပညာသင်ယူနိုင်ရေး အခြေအနေများအား မိန့်ကြားတော်မူခဲ့ကြပါသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော် ဆောင် သန်လျင်မင်းကျောင်းဆရာတော်အမှူးပြုသော နိုင်ငံ တော်သံဃမဟာနာယက ဆရာတော်ကြီးများအား လာအိုနိုင်ငံ သံဃရာဇာဆရာတော်ကြီး အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိ က Most Ven. Bounma Simmaphom နှင့်အဖွဲ့က လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃၁-၇-၂၀၂၃)**




- ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်တွင် တည်ထားကိုးကွယ် လျက်ရှိသည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်လှူခြင်း၊ ကျောက်စာရုံစေတီများ ထီးတော်တင်လှူခြင်းနှင့် ဗုဒ္ဓဥယျာဉ်တော် သာသနိကအဆောက်အဦများ လှူဒါန်းခြင်း ရေစက်ချမဟာမင်္ဂလာ အခမ်းအနားများသို့ တက်ရောက်ရန်အတွက် ပြည်ပမှကြွရောက်လာကြသည့် ဆရာတော်ကြီးများနှင့် လူပုဂ္ဂိုလ် များသည် ဇူလိုင်လ ၃၀ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့။
- ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေ မဟာနာယက ကျောင်းဆောင်ဘုရားခန်းမ၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော်အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးလေးပါးနှင့် ပြည်ပမှကြွရောက်တော်မူလာကြသည့် လာအိုနိုင်ငံ သံဃရာဇာ ဆရာတော်ကြီးနှင့် အဖွဲ့တို့တွေ့ဆုံခဲ့။

## ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း တရုတ်နိုင်ငံ ယူနန်ပြည်နယ် တဲဟုန်ပြည်နယ်ခွဲ ပြည်သူ့အစိုးရအုပ်ချုပ်ရေးမှူးနှင့် စီချွမ်ပြည်နယ် ချန်ဒူးဒေသမှ စီးပွားရေးလုပ်ငန်းအဖွဲ့အား လက်ခံတွေ့ဆုံ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ် တဲဟုန်ပြည်နယ်ခွဲ ပြည်သူ့အစိုးရအုပ်ချုပ်ရေးမှူး Mr. Wei Gang ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဇူလိုင်လ ၂၆ ရက်တွင် လည်းကောင်း၊ စီချွမ်ပြည်နယ် ချန်ဒူးဒေသမှ စီးပွားရေးလုပ်ငန်းအဖွဲ့အား ဇူလိုင်လ ၂၇ ရက်တွင်လည်းကောင်း လက်ခံတွေ့ဆုံခဲ့ပါသည်။

- **တဲဟုန်ပြည်နယ်ခွဲ ပြည်သူ့အစိုးရအုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံစဉ်** တဲဟုန်ပြည်နယ် မြို့တော်မန်စီနှင့် မန္တလေး ခရီးစဉ်ကို Ruili Airline က တစ်ပတ်လေးကြိမ်ပြေးဆွဲမှု၊ မြန်မာအမျိုးသားလေကြောင်းက ရန်ကုန်- မန္တလေး- မန်စီ- မန္တလေး- ရန်ကုန် ခရီးစဉ်ကို တစ်ပတ်သုံးကြိမ် ပြေးဆွဲမှု များအပြင် အလားအလာရှိသောမြို့များသို့ ခရီးသည်နှင့် ကုန်တင်လေယာဉ်များ ပိုမိုတိုးချဲ့ပြေးဆွဲရေး၊ တရုတ်နိုင်ငံ၏ အမြန်ရထားလမ်းကွန်ရက်သည် ၂၀၂၇ ခုနှစ်တွင် ရွှေလီမြို့



အထိ တည်ဆောက်ပြီးစီးမည်ဖြစ်ရာ နှစ်နိုင်ငံကုန်သွယ်မှု တိုးမြှင့်ရေးအတွက် မြန်မာနိုင်ငံ၏ ရထားလမ်းကွန်ရက်နှင့်ချိတ်ဆက်ရေး၊ နယ်စပ်ဖြတ်ကျော်ပို့ဆောင်မှုများ လွယ်ကူချောမွေ့စေရေးအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရေးနှင့် တရုတ်နိုင်ငံထွက်ကုန်များကို ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် ဖြတ်သန်းပို့ဆောင်ရေးကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။

- **စီချွမ်ပြည်နယ် ချန်ဒူးဒေသမှ ထောက်ပံ့ပို့ဆောင်ရေး၊ ရထားပို့ဆောင်ရေး၊ လေကြောင်းပို့ဆောင်ရေးနှင့် ဆိပ်ကမ်းလုပ်ငန်းများပါဝင်သော စီးပွားရေးလုပ်ငန်းအဖွဲ့အား တွေ့ဆုံရာတွင်** ကုန်သွယ်မှုတိုးမြှင့်ရေးအတွက် နယ်စပ်ဝင်/ထွက်ပေါက်များတွင် လုပ်ငန်းများလွယ်ကူချောမွေ့စေရေး၊ ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးရေး၊ ကျောက်မျက်ရတနာများ၊ ရေထွက်ကုန်များနှင့် အသီးအနှံများကို ကုန်တင်လေယာဉ်များဖြင့် တရုတ်နိုင်ငံသို့ပို့ဆောင်ရေးနှင့် မြန်မာနိုင်ငံ၌လေယာဉ်မောင်းသင်တန်းကျောင်း တည်ထောင်ဖွင့်လှစ်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဌာနအကြီးအကဲများ၊ တရုတ်နိုင်ငံဘက်မှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၈-၇-၂၀၂၃)**

- **တဲဟုန်ပြည်နယ်ခွဲ ပြည်သူ့အစိုးရ အုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံရာတွင် ၂၀၂၇ ခုနှစ်၌ တရုတ်နိုင်ငံ၏ အမြန်ရထားလမ်းကွန်ရက်သည် မြန်မာနိုင်ငံ၏ ရထားလမ်းကွန်ရက် နှင့်ချိတ်ဆက်ရေး၊ နယ်စပ်ဖြတ်ကျော်ပို့ဆောင်မှုများ လွယ်ကူချောမွေ့စေရေးအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရေးကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။**
- **စီချွမ်ပြည်နယ် ချန်ဒူးဒေသမှ စီးပွားရေးလုပ်ငန်းအဖွဲ့နှင့်တွေ့ဆုံရာတွင် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးရေး၊ ကျောက်မျက်ရတနာများ၊ ရေထွက်ကုန်များနှင့် အသီးအနှံများကို ကုန်တင်လေယာဉ်များဖြင့် တရုတ်နိုင်ငံသို့ ပို့ဆောင်ရေးနှင့် မြန်မာနိုင်ငံ၌ လေယာဉ်မောင်းသင်တန်းကျောင်း တည်ထောင်ဖွင့်လှစ်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် တရုတ်နိုင်ငံ အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာတိန့်ရှီးကျွင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ တိန့်ရှီးကျွင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ဇူလိုင်လ ၂၇ ရက်တွင် နေပြည်တော်၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သိရှိရပါ သည်။

**(မြဝတီသတင်းစာ ၂၈-၇-၂၀၂၃)**

- **အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အာရှရေးရာအထူးကိုယ်စားလှယ်နှင့် တွေ့ဆုံရာတွင် မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများအပေါ် အမြင်ချင်းဖလှယ်ရင်း ဆွေးနွေးခဲ့။**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် Mr.Deng Xijun အား လက်ခံတွေ့ဆုံ



အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် Mr. Deng Xijun အား ဇူလိုင်လ ၂၈ ရက်တွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံစဉ် ရှိရင်းစွဲဆွေမျိုးပေါက်ဖော်ဆက်ဆံရေးပိုမိုတိုးတက်ခိုင်မာရေး၊ မြန်မာ -တရုတ် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်စီမံကိန်းများကို နှစ်ဖက်အပြန်အလှန်အကျိုးရှိစေမှုအပေါ် မူတည်ပြီး အရှိန်အဟုန်မြင့် အကောင်အထည်ဖော်သွားရေး၊ မြန်မာ-တရုတ်နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်ရေး လျင်မြန်ချောမွေ့စေရေး၊ ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းကို စတင်အကောင်အထည်ဖော်နိုင်ရေးနှင့်ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ အကျိုးတူကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၉-၇-၂၀၂၃)**

- **တွေ့ဆုံစဉ် မြန်မာ-တရုတ်နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်ရေး လျင်မြန်ချောမွေ့စေရေး၊ ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းကို စတင်အကောင်အထည်ဖော်နိုင်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာ အကျိုးတူကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့။**

# အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာကော်မတီဝန်ကြီးအဆင့် ပဥ္စမအကြိမ်အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးဦးသောင်းဟန် တက်ရောက်ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ



အာရပ်စော်ဘွားများ ပြည်ထောင်စု(ယူအေအီး)နိုင်ငံ အဘူဒါဘီမြို့၌ ရောက်ရှိနေသော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင်လ ၂၆ ရက်တွင် အာရှနှင့်ပစိဖိတ်ဆိုင်ရာ ကော်မတီဝန်ကြီးအဆင့် ပဥ္စမအကြိမ်အစည်းအဝေး ဒုတိယနေ့နှင့် ဆက်စပ်အစည်း အဝေးများသို့ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် ISA Programmes and Green Grid Initiative- One Sun One World One Grid- (GGI-OSOWOG) နေတစ်စင်း၊ ကမ္ဘာတစ်ခု ဓာတ်အား ကွန်ရက်တစ်ခု အတွက် အစိမ်းရောင်ဓာတ်အားလိုင်း မိတ်ဆက်ခြင်းခေါင်းစဉ်ဖြင့် ဆွေးနွေးကြပြီး မြန်မာနိုင်ငံအနေဖြင့် နေရောင်ခြည်စွမ်းအင်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ထားရှိမှုများ၊ နိုင်ငံဖြတ်ကျော် ဓာတ်အားလိုင်းများ ဆောင်ရွက်ရန် အိမ်နီးချင်းနိုင်ငံများနှင့် ဆောင်ရွက်နေမှုများ၊ ASEAN ၊ BIMSTEC အဖွဲ့ဝင်နိုင်ငံဖြစ်ပြီး ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေရောင်ခြည်စွမ်းအင်သုံး မြင်းကောင်ရေတစ်ကောင်မှ ၁၀၀ အင်အားရှိ ((1 HP မှ 100HP) Solar Pumpsများ ခင်းကျင်းပြသမှုကို လေ့လာခဲ့ကြပြီး ဇူလိုင်လ ၂၇ ရက်တွင် အာရပ်စော်ဘွားများ ပြည်ထောင်စု(ယူအေအီး)နိုင်ငံ၊ အဘူဒါဘီမြို့မှ ပြန်လည်ထွက်ခွာခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၉-၇-၂၀၂၃)**

- **အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် နေရောင် ခြည်စွမ်းအင်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ထားရှိမှုများ၊ နိုင်ငံဖြတ်ကျော် ဓာတ်အားလိုင်းများ ဆောင်ရွက်ရန် အိမ်နီးချင်းနိုင်ငံများနှင့် ဆောင်ရွက်နေမှု များ၊ ASEAN ၊ BIMSTEC အဖွဲ့ဝင်နိုင်ငံဖြစ်ပြီး ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးခဲ့။**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ၂၀၂၃ ခုနှစ် အာဆီယံအဆင့်မြင့်ပညာရေးညီလာခံ Webinar တွင် မိန့်ခွန်းပြောကြား




ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဇူလိုင်လ ၂၆ ရက်၌ အင်ဒိုနီးရှားနိုင်ငံ ပညာရေး၊ ယဉ်ကျေးမှု၊ သုတေသနနှင့်နည်းပညာဝန်ကြီးဌာနက ဦးဆောင်ကျင်းပသော ၂၀၂၃ ခုနှစ် အာဆီယံအဆင့်မြင့်ပညာရေးညီလာခံ Webinar တွင် နည်းပညာအခြေပြု ပင်လယ်ရေကြောင်းကုန်သွယ်မှုကဏ္ဍ ၅.၀ တွင် ပင်လယ်ရေကြောင်းလုပ်ငန်းနှင့် ပညာရေးချိတ်ဆက်မှု၌ အစိုးရ၏အခန်းကဏ္ဍခေါင်းစဉ်ဖြင့် အွန်လိုင်းမှ မိန့်ခွန်းပြောကြားခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီး ပြောကြားရာတွင်-

- ကမ္ဘာ့ကုန်သွယ်ရေး၏ ၉၀ ရာခိုင်နှုန်းခန့်ကို ပင်လယ်ရေကြောင်းမှ သယ်ယူပို့ဆောင်လျက်ရှိပြီး ပင်လယ်ရေကြောင်းပို့ဆောင်ရေးသည် ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဖလှယ်ရေးကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိကြောင်း။
- အစိုးရအနေဖြင့် ပညာသင်ကျောင်းများနှင့် လုပ်ငန်းအကြား ကွာဟမှုကို ဆက်စပ်ပေးနိုင်ခြင်း၊ ရန်ပုံငွေပံ့ပိုးပေးနိုင်ခြင်း၊ မူဝါဒနှင့်လုပ်ထုံးလုပ်နည်းများကို ချမှတ်ပေးနိုင်ခြင်း၊ ပညာသင်ကျောင်းများနှင့် လုပ်ငန်းများချိတ်ဆက်၍ သင်ရိုးညွှန်းတမ်းများ ရေးဆွဲစေနိုင်ခြင်းနှင့် နည်းပညာ၊ သက်မွေးပညာရေးကို တိုးတက်အောင် ပံ့ပိုးပေးနိုင်ခြင်းတို့ကို ဆောင်ရွက်နိုင်ကြောင်း အသေးစိတ်ရှင်းလင်းခဲ့။

အဆိုပါ Webinar သို့ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ စုစုပေါင်းဦးရေ ၈၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၇-၇-၂၀၂၃)**

- **ပြည်ထောင်စုဝန်ကြီးသည် ၂၀၂၃ ခုနှစ် အာဆီယံအဆင့်မြင့်ပညာရေးညီလာခံ Webinar ၌ နည်းပညာအခြေပြု ပင်လယ်ရေကြောင်းကုန်သွယ်မှုကဏ္ဍ ၅.၀ တွင် ပင်လယ်ရေကြောင်းလုပ်ငန်းနှင့် ပညာရေးချိတ်ဆက်မှု၌ အစိုးရ၏ အခန်းကဏ္ဍခေါင်းစဉ်ဖြင့် မိန့်ခွန်းပြောကြားခဲ့။**
- **ပင်လယ်ရေကြောင်းပို့ဆောင်ရေးသည် ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဖလှယ်ရေးကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိ။**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ အရှေ့တောင်အာရှ ရှေးဦးအရွယ် ကလေးသူငယ်ပြုစု စောင့်ရှောက်မှုနှင့် ပညာရေးပြုပြင်ပြောင်းလဲရေးမူဝါဒဆိုင်ရာ အာဆီယံပညာရေးဝန်ကြီးများ စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်




ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင်လ ၂၆ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာ မြို့ရှိ St.Regis ဟိုတယ်၌ ကျင်းပသည့် အရှေ့တောင်အာရှ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်မှုနှင့် ပညာရေးပြုပြင်ပြောင်းလဲရေးမူဝါဒဆိုင်ရာ အာဆီယံပညာရေးဝန်ကြီးများ စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပါသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများမှဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများက သက်ဆိုင်ရာနိုင်ငံအလိုက် အရှေ့တောင်အာရှ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်မှုနှင့် ပညာရေးပြုပြင်ပြောင်းလဲရေးမူဝါဒဆိုင်ရာများကို ဆွေးနွေးပြောကြားကြရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက-

- မြန်မာနိုင်ငံတွင် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး ဆိုင်ရာဥပဒေကို ၂၀၁၄ ခုနှစ်တွင် ပြဋ္ဌာန်းကာ ၅ နှစ် မဟာဗျူဟာစီမံကိန်းများ ချမှတ်အကောင်အထည် ဖော်လျက်ရှိကြောင်း။
- ပညာရေးဝန်ကြီးဌာနအနေဖြင့် သင်ရိုးညွှန်းတမ်းစိစစ်ရေး၊ ဆရာအရည်အသွေးမြှင့်မားရေး၊ လက်ဦးဆရာမိဘများ၏ အခန်းကဏ္ဍမြှင့်တင်ရေး၊ လူမှုအသိုက်အဝန်း ပူးပေါင်းပါဝင်ရေးတို့ကို ဦးတည်ပံ့ပိုးလျက်ရှိကြောင်း။
- အာဆီယံဒေသတွင်း နိုင်ငံအချင်းအချင်း အတွေ့အကြုံများ၊ အကြံဉာဏ်များ ဖလှယ်လျက် ပူးပေါင်းဆောင်ရွက်ကြမည်ဆိုပါက အရည်အသွေးရှိသော ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေး၊ ဖွံ့ဖြိုးရေးနှင့် ပညာရေးကို အနာဂတ်တွင် ကလေးတိုင်း လက်ခံရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့။

အဆိုပါစကားဝိုင်းဆွေးနွေးပွဲကို အရည်အသွေးရှိသော ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ပညာရေး၏ အရေးပါမှုကို ပိုမိုသိရှိသတိပြုမိစေရန်၊ ဒေသတွင်း ပြုပြင်ပြောင်းလဲရေး မူဝါဒများဆွေးနွေးရန်၊ ဒေသတွင်း အလေ့အကျင့်ကောင်းများ ဖလှယ်ရေးအတွက် ကွန်ရက်တစ်ခုတည်ထောင်ရန်ဟူသော ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ပြီး ဆွေးနွေးပွဲသို့ အာဆီယံနိုင်ငံများမှ ပညာရေးဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၂၇-၇-၂၀၂၃)**

- ပညာရေးဝန်ကြီးဌာနအနေဖြင့် သင်ရိုးညွှန်းတမ်းစိစစ်ရေး၊ ဆရာအရည်အသွေးမြင့်မားရေး၊ လက်ဦးဆရာမိဘများ၏ အခန်းကဏ္ဍမြှင့်တင်ရေး၊ လူမှုအသိုက်အဝန်း ပူးပေါင်းပါဝင်ရေးတို့ကို ဦးတည်ပံ့ပိုးလျက်ရှိ။
- အာဆီယံဒေသတွင်း နိုင်ငံအချင်းအချင်း အတွေ့အကြုံများ၊ အကြံဉာဏ်များဖလှယ်လျက် ပူးပေါင်းဆောင်ရွက်ကြမည်ဆိုပါက အရည်အသွေးရှိသော ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေး၊ ဖွံ့ဖြိုးရေးနှင့် ပညာရေးကို အနာဂတ်တွင် ကလေးတိုင်း လက်ခံရရှိနိုင်မည်ဖြစ်။

## ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် နယူးဒေလီမြို့ရှိ UIDAI ရုံးချုပ်သို့သွားရောက်၍ Aadhaar စနစ်၏ လုပ်ငန်းဆောင်ရွက်မှုများအား ညှိနှိုင်းဆွေးနွေး



မြန်မာ-အိန္ဒိယနှစ်နိုင်ငံအကြား e-ID စနစ်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အိန္ဒိယနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ အီလက်ထရောနစ်မှတ်ပုံတင်စနစ် ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးမင်းဟိန်းနှင့်အဖွဲ့သည် ဇူလိုင်လ ၂၄ ရက်တွင် ရန်ကုန်မြို့မှ အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့သို့ ထွက်ခွာခဲ့ပါသည်။

ဇူလိုင်လ ၂၅ ရက်တွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်နှင့်အတူ နယူးဒေလီမြို့ရှိ အိန္ဒိယနိုင်ငံအစိုးရ၏ Unique Identification Authority of India (UIDAI) ရုံးချုပ်သို့ရောက်ရှိရာ အမှုဆောင် အရာရှိချုပ် Mr. Amit Agrawal နှင့် တာဝန်ရှိသူများက UIDAI ၏ ဖွဲ့စည်းတည်ထောင် ထားရှိမှု၊ Aadhaar စနစ်အောင်မြင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကြိုးပမ်းဆောင်ရွက်ခဲ့မှု၊ Aadhaar စနစ်ဖြင့်အစိုးရ၊ အဖွဲ့အစည်းအသီးသီးနှင့် ပြည်သူများအား ထိရောက်သောဝန်ဆောင်မှုများပေးနေမှုအခြေအနေများကို Powerpoint ဖြင့် ရှင်းလင်းပြောကြားခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ပါသည်။

ဇူလိုင်လ ၂၇ ရက်တွင် ပြည်ထောင်စုဝန်ကြီး၊ သံအမတ်ကြီးနှင့်အဖွဲ့သည် နယူးဒေလီမြို့ရှိ Aadhaar Center ဒေသဆိုင်ရာရုံးသို့ သွားရောက်၍ ဒေသတွင်းပြည်သူများအား Aadhaar စနစ်လုပ်ငန်းစဉ်များအတိုင်း Aadhaar နံပါတ်ရရှိသည်အထိ လုပ်ငန်းများ လက်တွေ့ဆောင်ရွက်နေမှုနှင့် Aadhaar စနစ်ဖြင့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်မှုများကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသခဲ့ပါသည်။

ဇူလိုင်လ ၂၈ ရက်တွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဘန်ဂလောမြို့ရှိ UIDAI ၏ နည်းပညာဗဟိုဌာနသို့ သွားရောက်၍ နည်းပညာဗဟိုဌာန Network Operation Center (NOC) အတွင်း Aadhaar စနစ်အား ၂၄ နာရီ ကွပ်ကဲထိန်းချုပ်မှု လက်တွေ့ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ Electronic City ရှိ International Institute of Information Technology Bangalore (IIIT-B) သို့ သွားရောက်၍ Modular Open Source Identity Platform (MOSIP) နည်းပညာဆိုင်ရာများကို နိုင်ငံအချို့နှင့် ချိတ်ဆက်ပံ့ပိုး ကူညီဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့ကြပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇူလိုင်လ ၂၉ ရက် နံနက်ပိုင်းတွင် အိန္ဒိယနိုင်ငံမှ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိခဲ့ကြကြောင်း သိရှိရပါသည်။

(မြဝတီသတင်းစာ ၃၀-၇-၂၀၂၃)

- **မြန်မာ-အိန္ဒိယနှစ်နိုင်ငံအကြား e-ID စနစ်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အိန္ဒိယနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် နယူးဒေလီမြို့ရှိ UIDAI ရုံးချုပ်သို့သွားရောက်၍ Aadhaar စနစ်၏ လုပ်ငန်းဆောင်ရွက်မှုများအား ညှိနှိုင်းဆွေးနွေး။**
- **ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နယူးဒေလီမြို့ရှိ Aadhaar Center ဒေသဆိုင်ရာရုံး၌ ဒေသတွင်းပြည်သူများအား Aadhaar နံပါတ်ရရှိသည်အထိ လုပ်ငန်းများ လက်တွေ့ဆောင်ရွက်နေမှုနှင့် Aadhaar စနစ်ဖြင့် ဘဏ်ဝန်ဆောင်မှု လုပ်ငန်းများ ဆောင်ရွက်မှုများကို ကြည့်ရှုလေ့လာခဲ့။**
- **ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အိန္ဒိယနိုင်ငံ၊ ဘန်ဂလောမြို့ရှိ UIDAI ၏ နည်းပညာဗဟိုဌာနနှင့် IIIT Bangalore သို့ သွားရောက်၍ Aadhaar စနစ်နှင့် MOSIP စနစ်တို့၏ နည်းပညာဆိုင်ရာများ လေ့လာခဲ့။**

---

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ကုလသမဂ္ဂလူသားချင်း စာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး(UNOCHA)၏ ယာယီအကြီးအကဲ ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး(UNOCHA)၏ ယာယီအကြီးအကဲ Ms. Danielle Parry ဦး ဆောင်သောအဖွဲ့အား ဇူလိုင်လ ၂၈ ရက်တွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံစဉ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် UNOCHA တို့အကြား သဘောတူညီမှုစာလွှာအသစ် လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်နေမှု၊ UNOCHA ၏ Head of Office ဖြစ်သူ မြန်မာနိုင်ငံသို့ လာရောက် တာဝန်ထမ်းဆောင်မည့်အခြေအနေ၊ ရခိုင်ပြည်နယ်ရှိ မုန်တိုင်းသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများဖြန့်ဝေရေး အသေးစိတ်အစီအစဉ်နှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

(မြဝတီသတင်းစာ ၂၉-၇-၂၀၂၃)




- တွေ့ဆုံစဉ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် UNOCHA တို့အကြား သဘောတူညီမှုစာလွှာအသစ် လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ်ရှိ မုန်တိုင်းသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများ ဖြန့်ဝေရေး အသေးစိတ်အစီအစဉ်နှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။

## ပြည်ထောင်စုဝန်ကြီး ဦးအောင်သော် ဆိုက်ဘေးရီးယန်း နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး အသင်းဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်သည် ဆိုက်ဘေးရီးယန်း နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအသင်းဥက္ကဋ္ဌ မစ္စတာပါးဗျောအော်စတာဗျော့ဟော့ဗ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဇူလိုင်လ ၂၇ ရက်တွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံရှိ ယဉ်ကျေးမှုနှင့် ကမ်းခြေ ခရီးစဉ်ဒေသများသို့ ရုရှားခရီးသွားဧည့်သည်များ လာရောက် လည်ပတ်နိုင်ရေး၊ နိုဗိုစီဗစ်မြို့နှင့် မြန်မာနိုင်ငံအကြား တိုက်ရိုက် လေကြောင်းလိုင်းများ ပျံသန်းပြေးဆွဲနိုင်ရေး၊ Welcome Russia Program in Myanmar အစီအစဉ်ဆောင်ရွက်နေမှုနှင့် ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာခရီးစဉ်များ စီစဉ်ဆောင်ရွက်နေမှုအ ခြေအနေများ၊ ရုရှားခရီးသွားဧည့်သည်များ လာရောက်ရာတွင် ငွေကြေးသုံးစွဲမှုအဆင်ပြေစေရေးနှင့် မြန်မာနိုင်ငံနှင့် ရုရှား နိုင်ငံတို့အကြား ခရီးသွားမြှင့်တင်ရေးအတွက် နှစ်နိုင်ငံခရီး သွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။


**(မြဝတီသတင်းစာ ၂၈-၇-၂၀၂၃)**

- **ပြည်ထောင်စုဝန်ကြီးသည် ဆိုက်ဘေးရီးယန်း နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအသင်းဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ခရီးသွားမြှင့်တင်ရေးအတွက် နှစ်နိုင်ငံခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးခဲ့။**

## PDF အကြမ်းဖက်သမားများက စိုက်ပျိုးရေးသိပ္ပံကျောင်း(ထားဝယ်)မှ ကျောင်းအုပ်ဆရာမကြီး အပါအဝင် ဆရာ၊ ဆရာမများအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးဖြစ်သူအား ပစ်ခတ်သတ်ဖြတ်

NUG အမည်ခံ အကြမ်းဖက်အဖွဲ့နှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် အနာဂတ် ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများဖြစ်ပေါ်လာစေရန်နှင့် ၎င်း တို့ကို အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ ဆရာမများနှင့် မိဘများအား ခြိမ်းခြောက် အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခြင်း၊ ပညာ ရေးဆိုင်ရာ အဆောက်အဦများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်း ထောင်ဖောက်ခွဲခြင်း၊ အထောက်အကူ ပြုပစ္စည်းများနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များအား မီးရှို့ ဖျက်ဆီးခြင်း၊ အတင်းအဓမ္မလုယူခြင်း စသည့်နည်းလမ်းမျိုးစုံ အသုံးပြုကာ အနာဂတ်မျိုးဆက်သစ်လူငယ်များ၏ ပညာရေး ကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက် ရှိပါသည်။

- ဇူလိုင်လ ၂၀ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး၊ လောင်း လုံးမြို့နယ်၊ စခန်းကြီးကျေးရွာရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း (ထားဝယ်)သို့ PDF အကြမ်းဖက်သမားများက လက်နက် များကိုယ်စီကိုင်ဆောင်၍ မော်တော်ယာဉ်တစ်စီးဖြင့် ရောက်ရှိလာပြီး ကျောင်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျောင်းအုပ်ဆရာမကြီး အပါအဝင် ဆရာ၊ ဆရာမ များနှင့် ကျောင်းသား၊ ကျောင်းသူများအား ကိုယ်ထိလက် ရောက် ရိုက်နှက်နှိပ်စက်မှုများပြုလုပ်ခဲ့။
- ကျောင်းဆရာ၊ ဆရာမများအား CDM ပြုလုပ်ရန် အကြပ် ကိုင်ခြိမ်းခြောက်မှုများပြုလုပ်ကာ ဇူလိုင်လ ၂၁ ရက် နံနက် ၈ နာရီ နောက်ဆုံးထား၍ ကျောင်း ဝန်းအတွင်းမှထွက်ခွာ ကြရန် ခြိမ်းခြောက်ပြောဆိုပြီး ကျောင်းအုပ်ဆရာမကြီးနှင့် အသက် ၁၁ နှစ်အရွယ် ၎င်း၏သားဖြစ်သူတို့ အပါအဝင် ဆရာ၊ ဆရာမ ၇ ဦး တို့ကို အတင်းအဓမ္မဖမ်းဆီးခေါ် ဆောင်သွားခဲ့။
- ဇူလိုင်လ ၂၂ ရက်တွင် အဆိုပါကျောင်း၌ စိုက်ပျိုးရေး ပညာရပ်များကို သင်ကြားပေးလျက်ရှိသည့် လောင်းလုံး မြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးဖြစ်သူ ဦး သိန်းဦးသည် ၎င်း၏နေအိမ်၌အိပ်နေစဉ် PDF အကြမ်း ဖက်သမားများက မော်တော်ဆိုင်ကယ်များဖြင့် ရောက်ရှိ လာပြီး နေအိမ်၏အရှေ့ဘက် ဆီအုန်းခြံသို့ ဖမ်းဆီးခေါ် ဆောင်ကာ လက်နက်ငယ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ခဲ့သ ဖြင့် ဦးသိန်းဦးမှာ ဖြစ်စဉ်နေရာ၌ပင် သေဆုံးသွားခဲ့။






**PDF အမည်ခံအကြမ်းဖက်သမားများ သတ်ဖြတ်ခဲ့သည့်လောင်းလုံမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဒု-ဦးစီးမှူး ဦးသိန်းဦး**

ယခုကဲ့သို့ အနာဂတ်လူငယ်၊ မောင်မယ်များအား ပညာသင်ကြားပေးနေသည့် ကျောင်းအုပ်ဆရာမကြီးအပါအဝင် ၇ ဦးတို့ကို ဖမ်းဆီးခေါ်ဆောင်သွားခြင်းနှင့် ဒုတိယဦးစီးမှူးဖြစ်သူအား သတ်ဖြတ်ခြင်းတို့ကို ကျူးလွန်ခဲ့သည့် PDF အကြမ်းဖက်သမားများအား ဖမ်းဆီးရမိရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် တည်ဆဲဥပဒေများနှင့်အညီ ပြင်းထန်ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၇-၇-၂၀၂၃)**

- **လောင်းလုံမြို့နယ်၊ စခန်းကြီးကျေးရွာရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း (ထားဝယ်)မှ ကျောင်းအုပ်ဆရာမကြီးနှင့် အသက် ၁၁ နှစ်အရွယ် ၎င်း၏ သားဖြစ်သူ အပါအဝင် ဆရာ၊ ဆရာမ ၅ ဦး စုစုပေါင်း ၇ ဦးတို့အား PDF အကြမ်းဖက်သမားများက အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခဲ့။**
- **အဆိုပါကျောင်းသို့ စိုက်ပျိုးရေးပညာရပ်များ လာရောက်သင်ကြားပို့ချပေးနေသည့် လောင်းလုံမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးအား PDF အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့။**

**စိုက်ပျိုးရေးသိပ္ပံကျောင်း(ထားဝယ်)မှ ကျောင်းအုပ်ဆရာမကြီးအပါအဝင် ၇ ဦးအား PDF အကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်သွားမှုနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးအား ပစ်ခတ်သတ်ဖြတ်ခဲ့မှုနှင့်ပတ်သက်၍ အဖွဲ့အစည်းအသီးသီးမှ သဘောထားထုတ်ပြန်ချက်များ ထုတ်ပြန်**

တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ စခန်းကြီးကျေးရွာရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း(ထားဝယ်)မှ ကျောင်းအုပ်ဆရာမကြီးနှင့် အသက် ၁၁ နှစ်အရွယ် ၎င်း၏ သားဖြစ်သူအပါအဝင် ဆရာ၊ ဆရာမ ၅ ဦး စုစုပေါင်း ၇ ဦးတို့အား ဇူလိုင် ၂၀ ရက်တွင် PDF အကြမ်းဖက်သမားများက အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်သွားခဲ့ခြင်းနှင့် ဇူလိုင် လ ၂၂ ရက်တွင် အဆိုပါကျောင်းသို့ စိုက်ပျိုးရေးပညာရပ်များ လာရောက်သင်ကြားပို့ချပေးနေသည့် လောင်းလုံးမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးအား PDF အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းတို့အပေါ် အဖွဲ့အစည်း ၁၉ ခုမှ သဘောထားထုတ်ပြန်ချက်များ ထုတ်ပြန်ခဲ့ပါသည်။

- **ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း YMBA(ဗဟို) အသင်းကြီး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသသာသနာနုဂ္ဂဟအသင်း(ဗဟို)၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့တို့က** PDF အကြမ်းဖက်သမားများက ငါနဲ့မတူ ငါ့ရန်သူဟု သတ်မှတ်၍ စစ်ရေးနှင့်မသက်ဆိုင်သော နိုင်ငံ့ဝန်ထမ်းများကို ပစ်မှတ်ထား၍ ဖမ်းဆီးခေါ်ဆောင်ခြင်း၊ သတ်ဖြတ်ခြင်းသည် လူသားမဆန်သောလုပ်ရပ်များဖြစ်သည့်အတွက် ပြင်းထန်စွာကန့်ကွက်ရှုံ့ချပါကြောင်း သဘောထားထုတ်ပြန်ခဲ့။
- **ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၊ ဝိန္ဒကုန်းရခိုင်ဂျာမေဗလီ၊ သနန္တဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)၊ ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး၊ မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်တို့က** အဆိုပါအကြမ်းဖက်လုပ်ရပ်များကို လုပ်ကိုင်နေသည့် NUG ၊ PDF အကြမ်းဖက်လုပ်ရပ်များကို ပြင်းထန်စွာ ပြစ်တင်ရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန်ခဲ့။
- **မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက** အကြမ်းဖက်သမားများသည် ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် တိုင်းပြည်အနာဂတ်အတွက် အရေးပါသော ပညာရေးစနစ်ကို ယိုင်နဲ့ပြိုကျပျက်စီးစေရန် ရည်ရွယ်ဆောင်ရွက်နေသည့် အကြမ်းဖက်လုပ်ရပ်များကို လုံးဝ (လုံးဝ) လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန်ခဲ့။
- **မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး၊ ဘူးသီးတောင်မောင်တောဒေသ ဖွံ့ဖြိုးရေးအသင်းတို့က** နိုင်ငံ့သားကောင်းရတနာ၊ သမီးကောင်းရတနာများကို ပညာသင်ကြားပေးလျက်ရှိသည့် ဆရာ၊ ဆရာမများ၊ နိုင်ငံ့ဝန်ထမ်းနှင့် ၎င်းတို့အား အားပေးထောက်ခံခြင်း မရှိသူများကို ဖမ်းဆီးခေါ်ဆောင်ခြင်း၊ သတ်ဖြတ်ခြင်းအပေါ် ပြင်းထန်စွာ ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ခဲ့။

NUG ၊ CRPH၊ NLD လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် စာသင်ကျောင်းများအား မီးရှို့ဖျက်ဆီးခြင်း၊ Drop Bomb ချတိုက်ခိုက်ခြင်း၊ စာသင်ကျောင်းများအားသိမ်းပိုက်ပြီး ကတုတ်ကျင်းများ၊ ဆက်သွယ်ရေးမြောင်းများတူး၍ အကြမ်းဖက်စခန်းအဖြစ် အသုံးပြုခြင်း၊ ဆရာ၊ ဆရာမများအား သတ်ဖြတ်ခြင်း၊ ခြိမ်းခြောက်ခြင်းတို့အား ဆောင်ရွက်လျက်ရှိပြီး တစ်နိုင်ငံလုံး ပညာမဲ့သူများဖြစ်စေရေး ယုတ်မာစွာ ဆောင်ရွက်လျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၂၈-၇-၂၀၂၃)**

## စိုက်ပျိုးရေးသိပ္ပံကျောင်း(ထားဝယ်)မှ ကျောင်းအုပ်ဆရာမကြီးအပါအဝင် ၇ ဦးအား PDF အကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်သွားမှုနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးအား ပစ်ခတ်သတ်ဖြတ်ခဲ့မှုနှင့်ပတ်သက်၍ အဖွဲ့အစည်းအသီးသီးမှ သဘောထားထုတ်ပြန်ချက်များ

မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သဘောထားထုတ်ပြန်ချက်

၂၀၂၃ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်

၁။ တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် စခန်းကြီးကျေးရွာရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း(ထားဝယ်)မှ ကျောင်းအုပ် ဆရာမကြီး အပါအဝင် ဆရာ၊ ဆရာမများအား အကြမ်းဖက်သမားများနှင့် မသမာသူအချို့က အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်ပြီး ရိုက်နှက်ညှင်းပန်းနှိပ်စက်မှုများ ပြုလုပ်၍ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးဖြစ်သူ ဦးသိန်းဦးအား အပြစ်မဲ့ ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း သိရပါသည်။

၂။ ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သူများကို ရည်ရွယ်ချက်ရှိရှိဖြင့် အကြမ်းဖက်သမားများနှင့် မသမာသူအချို့သည် စာသင်ကျောင်းများအား မီးရှို့ဖျက်ဆီးခြင်း၊ Drop Bomb ချ တိုက်ခိုက်ခြင်း၊ ဆရာ၊ ဆရာမများအား သတ်ဖြတ်ခြင်း၊ ခြိမ်းခြောက်ခြင်းတို့အား ဆောင်ရွက်လျက်ရှိပြီး တစ်နိုင်ငံလုံး ပညာမဲ့သူများ ဖြစ်စေရေး မသမာသည့်နည်းလမ်းမျိုးစုံ အသုံးပြုကာ ဆောင်ရွက်လျက်ရှိသည်။

၃။ ယခုကဲ့သို့ ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ကြားပေးနေသည့် ကျောင်းအုပ်ဆရာမကြီး အပါအဝင် ၇ ဦး တို့ကို ဖမ်းဆီးခေါ်ဆောင်သွားခြင်းနှင့် ဒုတိယဦးစီးမှူးဖြစ်သူ ဦးသိန်းဦး သတ်ဖြတ်ခြင်း ခံရမှုအား မြန်မာနိုင်ငံစာရေးဆရာအသင်းမှ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန် အပ်ပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း

D/2022/LH-1

---

**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်**

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၉ ရက်

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်

၁။ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ စခန်းကြီးကျေးရွာရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း(ထားဝယ်)မှ ကျောင်းအုပ်ဆရာမကြီး အပါအဝင် ၇ ဦး တို့အား PDF အမည်ခံ အကြမ်းဖက်သမားများက ဇူလိုင် ၂၀ ရက်တွင် အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားကြောင်းနှင့် ဇူလိုင် ၂၂ ရက်တွင် အဆိုပါကျောင်းသို့ စိုက်ပျိုးရေးပညာရပ်များ သင်ကြားပို့ချပေးနေသော လောင်းလုံးမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးအားလည်း PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက် ငယ်များဖြင့် ပစ်ခတ် သတ်ဖြတ် လုပ်ကြံသွားကြောင်း စိတ်နှလုံးမချမ်းမြေ့ဖွယ် ကြားသိရပါသည်။

၂။ အဆိုပါလုပ်ရပ်သည် မျိုးဆက်သစ် လူငယ်၊ မောင်မယ်များ ပညာရေးကဏ္ဍ နှောင့်နှေးစေရန် ရည်ရွယ်ချက်ဖြင့် NUG ၊ CRPH ၊ NLD တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ငါနဲ့မတူ ငါ့ရန်သူဟု သတ်မှတ်၍ စစ်ရေးနှင့် မသက် ဆိုင်သော နိုင်ငံ့ဝန်ထမ်းများကို ပစ်မှတ်ထား၍ ဖမ်းဆီးခေါ်ဆောင်ခြင်း၊ သတ်ဖြတ်ခြင်းသည် လူသားမဆန်သော လုပ်ရပ်များဖြစ်သည့်အတွက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို) အသင်းကြီးအနေဖြင့် ပြင်းထန်စွာ ကန့်ကွက်ရှုံ့ချပါကြောင်း ထုတ်ပြန်အပ်ပါသည်။

**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)**
**သဘောထားထုတ်ပြန်ချက်**

**၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း (၉) ရက်**

**၂၀၂၃ ခုနှစ် ဇူလိုင်လ(၂၆)ရက်**

Myanmar Interfaith Dialogue Group

၁။ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ စခန်းကြီးကျေးရွာရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း(ထားဝယ်)ရှိ ကျောင်းအုပ်ဆရာမကြီး၊ သားဖြစ်သူ အသက် ၁၁ နှစ်အရွယ်ကလေးငယ်တစ်ဦးအပါအဝင် ဆရာ၊ ဆရာမ ၅ ဦး စုစုပေါင်း ၇ ဦးတို့အား PDF အမည်ခံ အကြမ်းဖက် သမားများက ဇူလိုင် ၂၀ ရက်တွင် အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင် သွားကြောင်းနှင့် ဇူလိုင် ၂၂ ရက်တွင်လည်း အဆိုပါကျောင်းသို့ စိုက်ပျိုးရေး ပညာ ရပ်များ သင်ကြားပို့ချပေးနေသည့် လောင်းလုံးမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးအား လက်နက်ငယ်များဖြင့် ပစ်ခတ် သတ်ဖြတ်သွားကြောင်း သိရှိ ရသည်။

၂။ အထက်ပါဖြစ်စဉ်နှင့်ပတ်သက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)အနေဖြင့် ပြင်းထန်စွာ ပြစ်တင်ရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန်အပ်ပါသည်။

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)
အလုပ်အမှုဆောင်အဖွဲ့

---

သသင်

**မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်**

၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၉ ရက်

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်

၂၀၂၃ ခုနှစ်၊ ဇူလိုင် ၂၀ ရက် နှင့် ၂၂ ရက်နေ့တို့တွင် တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ စခန်းကြီးကျေးရွာရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း(ထားဝယ်)မှ ကျောင်းအုပ်ဆရာမကြီးနှင့် အသက် ၁၁ နှစ်အရွယ် ၎င်း၏ သားဖြစ်သူ အပါအဝင် ဆရာ၊ ဆရာမ ၅ ဦး စုစုပေါင်း ၇ ဦးတို့အား PDF အမည်ခံ အကြမ်းဖက်သမားများက အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခြင်းနှင့် အဆိုပါကျောင်းသို့ စိုက်ပျိုးရေး ပညာရပ်များ လာရောက် သင်ကြား ပို့ချပေးနေသည့် လောင်းလုံးမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးအား PDF အမည်ခံ အကြမ်းဖက်သမားများက ယုတ်မာရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)က ပြင်းထန်စွာ ရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)**

## စိုက်ပျိုးရေးသိပ္ပံကျောင်း(ထားဝယ်)မှ ကျောင်းအုပ်ဆရာမကြီးအပါအဝင် ၇ ဦးအား PDF အကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်သွားမှုနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးအား ပစ်ခတ်သတ်ဖြတ်ခဲ့မှုနှင့်ပတ်သက်၍ အဖွဲ့အစည်းအသီးသီးမှ သဘောထားထုတ်ပြန်ချက်များ

### မြန်မာနိုင်ငံ ဇာဝေလီခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်

### သဘောထားထုတ်ပြန်ချက်

### ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၂၆) ရက်

၁။ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ စခန်းကြီးကျေးရွာရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း(ထားဝယ်)မှ ကျောင်းအုပ်ဆရာမကြီး အပါအဝင် ၇ ဦး တို့အား PDF အမည်ခံ အကြမ်းဖက်သမားများက ဇူလိုင် ၂၀ ရက်တွင် အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားကြောင်းနှင့် ဇူလိုင် ၂၂ ရက်တွင် အဆိုပါကျောင်းသို့ စိုက်ပျိုး ရေးပညာရပ်များ သင်ကြားပို့ချပေးနေသော လောင်းလုံးမြို့နယ်၊ စိုက်ပျိုးရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူးအားလည်း PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက် ငယ်များဖြင့် ရက်စက်ယုတ်မာစွာပစ်ခတ် သတ်ဖြတ်လုပ်ကြံသွားကြောင်း စိတ်မချမ်း မြေ့ဖွယ် ကြားသိရပါသည်။

၂။ အဆိုပါကိစ္စနှင့်ပတ်သက်၍ မိမိတို့မြန်မာ နိုင်ငံလုံးဆိုင်ရာ မြန်မာနိုင်ငံဇာဝေလီခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်မှ ပြင်းထန်စွာ ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံဇာဝေလီခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်**

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး

အမှတ်(၁၈၄)၊ (၃)လွှာ၊ ဗိုလ်ထွန်းဟက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၀၁- ၃၈၈၁၄၆၊ ၂၅၃၆၈၃၊ ၂၅၂၆၀၈၊ ၈၃၉၈၃၂၅၊ ၂၄၁၂၀၂၂၂၈၆၁၃၄

### မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး

### သဘောထားထုတ်ပြန်ချက်

### ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၂၆) ရက်

၁။ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ စခန်းကြီးကျေးရွာရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း(ထားဝယ်)မှ ကျောင်းအုပ်ဆရာမကြီးနှင့် ၎င်း၏သားဖြစ်သူအပါအဝင် ဆရာ၊ ဆရာမ ၅ ဦး စုစုပေါင်း ၇ ဦးတို့အား PDF အမည်ခံ အကြမ်းဖက် သမားများက ဇူလိုင် ၂၀ ရက်တွင် အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်းနှင့် ဇူလိုင် ၂၂ ရက်တွင် အဆိုပါကျောင်းသို့ စိုက်ပျိုးရေးပညာ ရပ်များ သင်ကြားပို့ချပေးနေသည့် လောင်းလုံးမြို့နယ်၊ စိုက်ပျိုးရေး ဦးစီးဌာနမှ ဒုတိယ ဦးစီးမှူးအား PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ် သတ်ဖြတ်ခဲ့ကြောင်း သိရှိရသည်။

၂။ အဆိုပါဖြစ်စဉ်များနှင့်ပတ်သက်၍မြန်မာ နိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက ပြင်းထန်စွာရှုတ်ချကြောင်း ထုတ်ပြန်အပ်ပါ သည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး**

---

မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေး ဗဟိုအဖွဲ့ချုပ်

ALL MYANMAR HINDU CENTRAL COUNCIL

No. 387-395(1st Floor), Room No. A2, Bo Aung Kyaw Street, Kyauktada Township, Yangon.

Tel : 01-8245648 E-mail : amhcc201902@gmail.com

### မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၏

### သဘောထားထုတ်ပြန်ချက်

### ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၂၆) ရက်

၁။ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ စခန်းကြီးကျေးရွာရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း(ထားဝယ်)မှ ကျောင်းအုပ်ဆရာမကြီး အပါအဝင် ၇ ဦး တို့အား PDF အမည်ခံ အကြမ်းဖက်သမားများက ဇူလိုင် ၂၀ ရက်တွင် အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားကြောင်းနှင့် ဇူလိုင် ၂၂ ရက်တွင် အဆိုပါကျောင်းသို့ စိုက်ပျိုးရေးပညာရပ်များ သင်ကြားပို့ချပေးနေသော လောင်းလုံးမြို့နယ်၊ စိုက်ပျိုးရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူးအားလည်း PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက် ငယ်များဖြင့် ပစ်ခတ် သတ်ဖြတ် လုပ်ကြံသွားကြောင်း စိတ်နှလုံးမချမ်း မြေ့ဖွယ် ကြားသိရပါသည်။

၂။ အဆိုပါလုပ်ရပ်သည် စစ်ရေးနှင့် မသက် ဆိုင်သော နိုင်ငံ့ဝန်ထမ်းများကို ပစ်မှတ်ထား၍ ဖမ်းဆီးခေါ်ဆောင်ခြင်း၊ သတ်ဖြတ်ခြင်းသည် လူသားမဆန်သော လုပ်ရပ်များဖြစ်သည့်အတွက်မြန်မာ နိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်မှ ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထား ထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်**

---

### သနာတနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်

### သဘောထားထုတ်ပြန်ချက်

### ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၂၆) ရက်

၁။ ဇူလိုင်(၂၀)ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံး မြို့နယ်၊ စခန်းကြီးကျေးရွာရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း(ထားဝယ်)တွင် တာဝန်ထမ်းဆောင် လျက်ရှိသည့် ကျောင်းအုပ်ဆရာမကြီးနှင့် အသက်(၁၁)နှစ်အရွယ် ၎င်း၏ သားဖြစ်သူ အပါအဝင် ဆရာ/ ဆရာမ (၅)ဦး စုစုပေါင်း (၇) ဦးတို့အား PDF အမည်ခံအကြမ်းဖက် သမားများက အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားသည့်ဖြစ်စဉ်နှင့် ဇူလိုင် (၂၂) ရက်နေ့တွင် အဆိုပါကျောင်း၌ စိုက်ပျိုးရေး ပညာရပ်များကို သင်ကြားပေးလျက် ရှိသည့် လောင်းလုံးမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးဖြစ်သူ ဦးသိန်းဦး အား အကြမ်းဖက်သမားများက မော်တော်ဆိုင်ကယ်များဖြင့် ရောက်ရှိလာပြီး ရက်စက်ယုတ်မာစွာသတ်ဖြတ်ခဲ့ကြောင်း သိရှိရသည့် ဖြစ်စဉ်များအပေါ် လွန်စွာစိတ်နှလုံးမချမ်းမြေ့ဖြစ်ရပါသည်။

၂။ အဆိုပါဖြစ်ရပ်နှင့်ပတ်သက်၍ မိမိတို့မြန်မာ နိုင်ငံလုံးဆိုင်ရာ သနာတနဓမ္မပါလက(ဟိန္ဒူ) အဖွဲ့ချုပ်မှ ပြင်းထန်စွာ ရှုတ်ချကြောင်း သဘောထား ထုတ်ပြန်အပ်ပါသည်။

**သနာတနဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်**

## မြန်မာနိုင်ငံလုံးဆိုင်ရာထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့ဗဟုသုတအသင်း(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ်၊ ဓနန်းကြီးကျေးရွာရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း(ထားဝယ်)မှ ကျောင်းအုပ်ဆရာမကြီးအပါအဝင် (၇)ဦးတို့အား PDF အမည်ခံ အကြမ်းဖက်သမားများက ဇူလိုင်လ (၂၀)ရက်နေ့တွင် အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်းနှင့် ဇူလိုင်လ (၂၂)ရက်နေ့တွင် အဆိုပါကျောင်းသို့ စိုက်ပျိုးရေးပညာရပ်များသင်ကြားပို့ချပေးနေသော လောင်းလုံးမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒု-ဦးစီးမှူးအားလည်း လက်နက်ငယ်များဖြင့် ပစ်ခတ်သတ်ဖြတ်လုပ်ကြံသွားကြောင်း သတင်းများကို စိတ်မချမ်းမြေ့ဖွယ်ရာ ကြားသိရပါသည်။

ယခုကဲ့သို့ လက်နက်တစ်စုံတစ်ရာ ကိုင်ဆောင်ထားခြင်းမရှိသော အနာဂတ်လူငယ်မောင်မယ်များကို ပညာသင်ကြားပေးနေသူများအား ဖမ်းဆီးခေါ်ဆောင်ခြင်း၊ ရက်စက်ယုတ်မာစွာ သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခြင်းတို့အပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့ဗဟုသုတအသင်း (ဗဟို) အနေဖြင့် လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့်
နယ်စပ်တောင်တန်းဒေသ သာသနာ့ဗဟုသုတအသင်း(ဗဟို)

## မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်

၁။ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ ဓနန်းကြီးကျေးရွာရှိ စိုက်ပျိုးရေးသိပ္ပံကျောင်း(ထားဝယ်) မှ ကျောင်းအုပ်ဆရာမကြီးနှင့် အသက် ၁၁ နှစ်အရွယ် ၎င်း၏သားဖြစ်သူအပါအဝင် ဆရာ၊ ဆရာမ ၅ ဦး စုစုပေါင်း ၇ ဦးတို့အား ဇူလိုင်လ ၂၀ ရက်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး ဇူလိုင်လ ၂၂ ရက်တွင်လည်း အဆိုပါကျောင်းသို့ စိုက်ပျိုးရေးပညာရပ်များ သင်ကြားပို့ချပေးနေသည့် လောင်းလုံးမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးအား PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်သတ်ဖြတ်သွားကြောင်း စိတ်မချမ်းမြေ့ဖွယ်ကြားသိရပါသည်။

၂။ ယခုကဲ့သို့ နိုင်ငံ့ဝန်ထမ်းများအား ပစ်မှတ်ထား၍ ဖမ်းဆီးခေါ်ဆောင်ခြင်း၊ သတ်ဖြတ်လုပ်ကြံခြင်းစသည့် လုပ်ရပ်များကို ဆင်ခြင်တုံတရားကင်းမဲ့စွာ လုပ်ဆောင်နေသော PDF အမည်ခံ အကြမ်းဖက်သမားများ၏ လုပ်ရပ်အား မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က လုံးဝ (လုံးဝ) လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့

- **စိုက်ပျိုးရေးသိပ္ပံကျောင်း(ထားဝယ်)မှ ကျောင်းအုပ်ဆရာမကြီးအပါအဝင် ၇ ဦးအား PDF အကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်သွားမှုနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးအား ပစ်ခတ်သတ်ဖြတ်ခဲ့မှုနှင့်ပတ်သက်၍ အဖွဲ့အစည်း ၁၉ ခုမှ ပြင်းထန်စွာ ပြစ်တင်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ချက်များ ထုတ်ပြန်ခဲ့။**